# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၁၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတက်ရောက်

# ပထမဆုရ ရခိုင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။




# အကြမ်းဖက်အားပေးလုပ်ရပ်များ

ကယားပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ စိစစ်အတည်ပြုနိုင်မှုမရှိသည့် သတင်းအရင်းအမြစ်များ၊ အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများနှင့် မီဒီယာများ၊ အကြမ်းဖက်အဖွဲ့အစည်းများထံမှ ရရှိသည့် အချက်အလက်များကို အခြေခံကာ မြန်မာနိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ဖြင့် စိုးရိမ်ပူပန်ကြောင်း သတင်းထုတ်ပြန်ခဲ့သည့် နိုင်ငံအချို့နှင့် နိုင်ငံတကာ အဖွဲ့အစည်းအချို့၏ လုပ်ရပ်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကြေညာ၍ တုံ့ပြန်လိုက်သည်။

စင်စစ်အားဖြင့် လူနေမြို့ရွာများသို့ ဝင်ရောက်၍ ဒေသခံပြည်သူလူထုကို အကာအကွယ်ယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအားတိုက်ခိုက်ကြခြင်းက အကြမ်းဖက်သောင်းကျန်းသူတို့၏ ဗျူဟာတစ်ခုဖြစ်နေပြီး ကယားပြည်နယ်တွင် ဖြစ်ပွားသည့် ဖြစ်စဉ်ထက်စော၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တို့တွင်ပါ ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ မြို့ပြလူနေအဆောက်အအုံများကို အကာအကွယ်ယူကာ ပြည်သူလူထုကို လူသားဒိုင်းအဖြစ် ကာထားခြင်းဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုပ်ရကိုင်ရခက်စေသည့်အပြင် တိုက်ခိုက်မှုများဖြစ်ပွားနေစဉ် ရှုပ်ထွေးနေသောအခြေအနေများ ဖြစ်ပေါ်နေမှုအပေါ် အခွင့်အကောင်းယူ၍ လူနေအိမ်များ၊ ဘာသာရေးအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ ၎င်းလုပ်ရပ်များကို တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာသို့ သတင်းထုတ်ပြန်ခြင်းတို့ကို အကြမ်းဖက်အဖွဲ့များ၊ ပြည်ပလက်ဝေခံမီဒီယာများ လက်ဝါးချင်းရိုက်၍ ပြုလုပ်ခဲ့သည်မှာ ကြိမ်ဖန်များစွာရှိနေပြီ ဖြစ်သည်။

ယင်းသို့ ပြုလုပ်ကြခြင်း၏ ရည်ရွယ်ချက်မှာ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ပုံဖော်စေ၍ ကုလသမဂ္ဂအပါအဝင် ပြည်ပမှ စစ်ရေးနှင့် အခြားအထောက်အပံ့အကူအညီများရရှိစေရန် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို ပြည်ပနိုင်ငံများမှ အာရုံစိုက်မှုများ ရရှိစေရန်တို့ အပါအဝင် နိုင်ငံရေးနှင့် အခြားအကျိုးအမြတ်များကိုပါ မျှော်ကိုး၍ ပြုလုပ်ကြခြင်းဖြစ်သည်။ ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုဖြစ်စဉ်များတွင် ဒေသခံအပြစ်မဲ့ ပြည်သူများ အသက်ဘေးလွတ်ရာသို့ ထွက်ခွာကြသည်ကို အကြမ်းဖက်သမားများက ထွက်ခွာခွင့်မပေးဘဲ လူသားတံတိုင်းများသဖွယ် အကာအကွယ်များ ရယူခဲ့ကြခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုများတွင် NUG, CRPH အကြမ်းဖက်အဖွဲ့အစည်း၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များနှင့် ဒေသတွင်း လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ ပူးပေါင်းထားသည့်အပြင် ပြည်ပမှ တရားမဝင်စစ်ရေး အထောက်အကူပြုမှုများလည်း ပါဝင်ကြောင်း အတည်မပြုနိုင်သေးသည့် သတင်းအချို့ကိုလည်း ကြားသိနေရသည်။ ပြည်နယ်မြို့တော်ကို စစ်ရေးအရ တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းဖြင့် နိုင်ငံရေး အမြတ်ထွက်နိုင်ပြီး အရေးမလှခဲ့ပါကလည်း မြို့ကို ဖျက်ဆီး၍ ပြည်ဖျက်မီဒီယာများမှ တစ်ဆင့် လီဆယ်သတင်းများ၊ ပုံများထုတ်ပြန်ကာ တပ်မတော်ကို သိက္ခာချခြင်းဖြင့် အမြတ်ထုတ်နိုင်ရန် ရည်ရွယ်ကြခြင်းသာ ဖြစ်သည်။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အကြမ်းဖက်အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများအား နှိမ်နင်းမှုပြုလုပ်ရခြင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တာဝန်ပင်ဖြစ်သည်။ ယင်းတာဝန်ကို ထမ်းဆောင်ရာတွင်လည်း ဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ ထမ်းဆောင်ကြရခြင်းဖြစ်ပြီး ဖောက်ဖျက်ကျူးလွန်မှုတို့ ရှိခဲ့ပါကလည်း တာဝန်ရှိသူတို့ကို ကျောသားရင်သားမခွဲခြားဘဲ အရေးယူအပြစ်ပေးလျက်ရှိသည်။ အတည်မပြုနိုင်သည့် သတင်းများ၊ မမှန်ကန်သည့် အချက်အလက်များဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးခြင်းက အခြားတစ်ဖက်တွင် အကြမ်းဖက်ဝါဒကို စွဲကိုင်ထားသည့် အကြမ်းဖက်အဖွဲ့အစည်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံပံ့ပိုးအားပေးခြင်းဖြစ်သည်ကို ဂရုပြုကြရန်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

**စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

❒ *ကျောဖုံးမှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ပြန်လည်တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်သမားများသည် လွိုင်ကော်အကျဉ်းထောင်သို့လည်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး မြို့တွင်း၌ ဆူပူမှုများနှင့် တည်ငြိမ်မှုပျက်ပြားစေရန် လုပ်ဆောင်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များသည် လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများရယူခဲ့ရကာ အကြမ်းဖက်သမားများကိုသာ ပြန်လည်တုံ့ပြန်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အပြစ်မဲ့အရပ်သားများကို တိုက်ခိုက်ခဲ့ခြင်းမရှိပါ။ ယင်းဖြစ်စဉ်ကြောင့် အပြစ်မဲ့အရပ်သားများ ထိခိုက်မှုမရှိပါကြောင်းနှင့် အကျဉ်းထောင်ရှိ အဆောက်အအုံအချို့နှင့် အရပ်ဘက်အဆောက်အအုံအချို့သာ ပျက်စီးမှုရှိခဲ့ကြောင်း သိရှိရသည်။

KNPP နှင့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်သည် အရပ်ဘက်အဆောက်အအုံများကို အကာအကွယ်ယူ တိုက်ခိုက်ခဲ့ခြင်း၊ အရပ်သားများကို လူသားတံတိုင်းသဖွယ် အသုံးပြုခဲ့ခြင်း၊ အရပ်ဘက်ပစ်မှတ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်မှုများကို ကျူးလွန်ခြင်းဖြစ်သည်။ သို့ပါ၍ နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မည်သည့်ပုံစံ၊ မည်သည့်အသွင်သဏ္ဌာန်ဖြင့်မဆို ကျူးလွန်သည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံရှုတ်ချသွားရန်ဖြစ်ကြောင်း ဖော်ပြအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ တီးတိန်မြို့နှင့် မင်းကင်းမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် ဇန်နဝါရီ ၂၁ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ တစ်ခုမှ Vaccine (VERO CELL) ၅၀၀၀၀ ၊ ရန်ကုန်ဆိပ်ကမ်းများမှ 4-LEGS Walk Assistant/Walker ၁၅၆ ခု၊ Wheel Chair ၂၈၆ ခု၊ Commode Chair ၄၆ ခု၊ Aluminium Quadcane အခု ၅၀၊ Steel Backrest ၁၂ ခု၊ ဆေးဝါးမျိုးစုံ ၂၃ မျိုး စုစုပေါင်း (၅၅၁၇၇ ဒသမ ၆၉) KG ၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ တစ်ခုမှ Pai Ome III Capsule အခု ၂၅၈၆၀၊ Glucose Injection ၁၇၅၆၈ ခု၊ Sai Vc Injection အခု ၃၉၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (သိပ္ပံအထူးပြုဘာသာရပ်) သင်တန်းများ၏ လက်တွေ့နှင့် သင်ကြားပို့ချသင်တန်းများကို (၂၂-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

❖ *ရှေ့ဖုံးမှ*

ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီး များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဘောလုံး ဝါသနာရှင်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့သည် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အကောင်းဆုံး ဂိုးသမားဆုရရှိသူ ရခိုင်ပြည်နယ်အသင်းမှ မတိုးရတနာစုအား လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်က အကောင်းဆုံးနောက်တန်း ကစားသမားဆုရရှိသူ ရှမ်းပြည်နယ်အသင်းမှ မဖြူဖွေးအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ် အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

ကစားသမားဆုရရှိသူ ရခိုင်ပြည်နယ်အသင်းမှ မလှမြတ်သူအားလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်ဦးမောင်းဟာက အကောင်းဆုံး အလယ်တန်း ကစားသမားဆု ရရှိသူ မွန်ပြည်နယ်အသင်းမှ မအင်ကြင်းမွှေးအား လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က အကောင်းဆုံး ရှေ့တန်း ကစားသမားဆုရရှိသူ ရှမ်းပြည်နယ် အသင်းမှ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း စတုတ္ထဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူ ရခိုင်ပြည်နယ်အသင်းမှ မလှမြတ်သူအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် အကောင်းဆုံးရှေ့တန်း ကစားသမားဆုရရှိသူ ရှမ်းပြည်နယ်အသင်းမှ မနန်းဖြူဖြူသွယ်အား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသူ မွန်ပြည်နယ်အသင်းမှ မအင်ကြင်းမွှေးအား ဆုတံဆိပ်နှင့် ငွေသား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် အကောင်းဆုံး နောက်တန်းကစားသမားဆုရရှိသူ ရှမ်းပြည်နယ်အသင်းမှ မဖြူဖွေးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အကောင်းဆုံးဂိုးသမားဆုရရှိသူ ရခိုင်ပြည်နယ်အသင်းမှ မတိုးရတနာစုအား ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

မနန်းဖြူဖြူသွယ်အား လည်းကောင်း ဆုတံဆိပ်များနှင့် ငွေသားများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက စတုတ္ထရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ဒုတိယဆု ရရှိသည့် ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး(ဘောလုံး) ပြိုင်ပွဲများကို ဇန်နဝါရီ ၇ ရက်မှ ၂၁ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း (၁၃) သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၂၈၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ (၁/၂၀၂၂) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စောဒန်နီယယ်နှင့် ဒေါက်တာ ဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခင်အပတ် အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ကော်မတီသို့ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့တင်ပြလာသော အမှာစာကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။





ဆက်လက်၍ ကော်မတီဥက္ကဋ္ဌကပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသော အမှာစာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြရန် သို့မဟုတ် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်တို့ကို အတည်ပြုပေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကော်မတီ၏ ၁၆/၂၀၂၁ အစည်းအဝေးတွင် တင်ပြဆွေးနွေးချက်ဖြစ်သော သဘာဝဘေးအန္တရာယ် မိုးကြိုးပစ်ခြင်းနှင့် လျှပ်စီး စီးဝင်ခြင်း မရှိစေရန် မိုးကြိုးလွှဲများ တပ်ဆင်ထားခြင်း မရှိသော ကျောင်းများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားရှိရန်နှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး

ပြည်ပသို့ ပို့ကုန်များတင်ပို့ရာတွင် ကုန်ကြမ်းတင်ပို့ရောင်းချခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချသွားကြရန်လိုကြောင်း၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများအား ထိထိရောက်ရောက်အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြည်ထောင်စုအလံတော် သယ်ယူရေးကိစ္စ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ မှ အလှုပြယာဉ်များကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ကော်မတီအတွင်းရေးမှူး ဒုတိယ ဝန်ကြီး ဦးရဲတင့်က ဖျော်ဖြေရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက အလှုပြယာဉ်များ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ ဖျော်ဖြေရေး အဖွဲ့များ



လေ့ကျင့်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဂုဏ်ပြုအခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတွင် အရှေ့တောင်အာရှကျား ပြန်လည်တိုးပွားရေးလုပ်ငန်းစီမံချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံ၏ ကျားထိန်းသိမ်းရေး ဦးစားပေးလုပ်ငန်းလေးခုဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထ အကြိမ်မြောက် အာရှဒေသတွင်း ဝန်ကြီးများအဆင့် ကျားထိန်း သိမ်းရေးညီလာခံကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့် ဖြင့် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီနှင့် ကိုယ်စား လှယ်များ တက်ရောက်ကြ သည်။ **(ယာပုံ)**




ဦးစွာ အိမ်ရှင်မလေးရှားနိုင်ငံ စွမ်းအင်နှင့် သဘာဝသယံဇာတ ဝန်ကြီးနှင့် ကမ္ဘာ့ကျား ဖိုရမ်ဥက္ကဋ္ဌ ဘူတန်နိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးတို့က အဖွင့်အမှာစကားများ ပြောကြား ကြပြီး ကျားကျက်စားရာ နိုင်ငံ အသီးသီးမှ ဝန်ကြီးများက မိန့်ခွန်း များ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက မိန့်ခွန်းပြောကြားရာ တွင် မြန်မာနိုင်ငံသည် သဘာဝ ကျားများ ပြန်လည်ကျက်စားနိုင် ရန် ကတိကဝတ်ထားရှိကြသော ကျားကျက်စားရာ နိုင်ငံများတွင် ပါဝင်ပြီး နိုင်ငံတွင်း ကျားရှိနိုင် သော နေရင်းဒေသများသည် ၄၉၀၀၀ စတုရန်းကီလိုမီတာ (နိုင်ငံ၏ ၇ရာခိုင်နှုန်း) ကျယ်ဝန်း၍ ကျားအများဆုံး ကျက်စားနိုင် သည့် နေရာဒေသကြီး လေးခုရှိ ကြောင်း၊ နိုင်ငံအဆင့် ဆောင်ရွက် လျက်ရှိသော အစီအစဉ်နှစ်ခုမှာ အမျိုးသားအဆင့် ကျားထိန်းသိမ်း ရေးလုပ်ငန်း စီမံချက်နှင့် တောရိုင်းတိရစ္ဆာန်များ အတွက် နေရင်းဒေသ ပြန်လည်တည် ထောင်ခြင်းလုပ်ငန်း အစီအစဉ်တို့ ဖြစ်ကြောင်း။

အမျိုးသားအဆင့် ကျားထိန်း သိမ်းရေးစီမံချက်ကို စိန့်ပီတာ စဘတ် ကြေညာချက်ဖြစ်သည့် “ကျားများနှစ်ဆတိုးပွား”(Tigers Times Two) ဟူသည့် ဆောင်ပုဒ် နှင့်အညီ ကမ္ဘာ့ကျားကောင်ရေ နှစ်ဆတိုးပွားစေရန် ရည်ရွယ်ချက် ဖြင့် အမျိုးသားအဆင့် ကျားထိန်း သိမ်းရေးစီမံချက်ကို ရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြောင်း၊ တောရိုင်းတိရစ္ဆာန်များ အတွက် နေရင်းဒေသ ပြန်လည်တည် ထောင်ခြင်းလုပ်ငန်း အစီအစဉ် တွင် အဓိကလုပ်ငန်းကြီး နှစ်ရပ် ဖြစ်သည့် နေရင်းဒေသ ပြန်လည် ထိန်းသိမ်းခြင်းနှင့် ထိန်းသိမ်း ကာကွယ်ခြင်းအပေါ် အလေးထား ဆောင်ရွက်နိုင်ရန်နှင့် တောရိုင်း တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခြင်းကို မြှင့်တင် ဆောင်ရွက်နိုင်ရန်တို့ဖြစ်ကြောင်း။

ကင်မရာ ထောင်ချောက်ဖြင့် မှတ်တမ်းတင် လေ့လာမှုများအရ ကျားကောင်ရေအနေဖြင့် ၂၂ ကောင်မှ ၂၅ ကောင်အထိ တိုးလာ ကြောင်း၊ ကျားအစားခံ သတ္တဝါ များလည်း ပေါများမှုရှိလာ ကြောင်း၊ ကမ္ဘာ့ဘဏ်၏ လေ့လာ ခန့်မှန်းမှုများအရ မြန်မာနိုင်ငံတွင် ကျားကောင်ရေ ၃၅ ကောင်မှ အကောင် ၇၀ အထိ ရှိနိုင်ကြောင်း။

မြန်မာနိုင်ငံတွင် အရှေ့တောင် အာရှကျား ပြန်လည်တိုးပွားရေး လုပ်ငန်း စီမံချက်၏ အစိတ် အပိုင်းတစ်ခုအနေဖြင့် နိုင်ငံ၏ ကျားထိန်းသိမ်းရေး ဦးစားပေး လုပ်ငန်း လေးခုဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ ယခုဝန်ကြီး အဆင့် ညီလာခံအစည်းအဝေး သည် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်စေရန်နှင့် နိုင်ငံအဆင့် ကျားထိန်းသိမ်းရေးတွင် နိုင်ငံ အဆင့် အကြီးအကဲများအကြား မူဝါဒရေးဆွဲမှုတွင် မြှင့်တင် ဆောင်ရွက်နိုင်ရန် တွန်းအား တစ်ရပ် ဖြစ်စေကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဘုံရည်မှန်းချက် ပန်းတိုင်ဖြစ်သော သဘာဝတောနေ ကျားများ၊ ၎င်းတို့၏ နေရင်းဒေသနှင့် သက်ရှိ ဇီဝမျိုးစိတ်အားလုံးကို ထိန်းသိမ်း နိုင်မည့်အပေါ် ယုံကြည်ချက် ရှိပါ ကြောင်း ပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာ စကား ပြောကြားပြီး ကျား ထိန်းသိမ်းရေးဆိုင်ရာ ကွာလာ လမ်ပူ ပူးတွဲထုတ်ပြန်ချက်၊ အရှေ့ တောင်အာရှ ဒေသတွင်း ကျား ပြန်လည် တိုးပွားရေးလုပ်ငန်း စီမံချက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ် ဆန်းစစ်ချက်များကို အတည်ပြုထုတ်ပြန်သည်။

ညီလာခံသို့ အိမ်ရှင်နိုင်ငံ အဖြစ် ကျင်းပသည့် မလေးရှား နိုင်ငံဝန်ကြီးချုပ် ဦးဆောင်၍ ကျား ကျက်စားရာနိုင်ငံ ၁၃ နိုင်ငံ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ရုရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ သက်ဆိုင်ရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# ရွှေ့ပြောင်းလုပ်သားများ ပြည်ပတွင် အဆင်ပြေချောမွေ့စွာ အလုပ်အကိုင်ရရှိရေး
# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၂၂ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၂၂ ကို ယနေ့ နံနက် ၁၀ နာရီတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတာဝန်ခံ၊ အလုပ်သမားသံအရာရှိ (ဘန်ကောက်မြို့) အထူးဖိတ်ကြားထားသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကော်မတီအစည်းအဝေးကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပုံမှန်ကျင်းပနိုင်ခြင်း မရှိသော်လည်း ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကော်မတီဝင်များသို့ သဘောထားမှတ်ချက်များ တောင်းခံ၍ ဆောင်ရွက်လျက်ရှိပြီး လစဉ်လုပ်ငန်းဆောင်ရွက်ချက်များကို ကော်မတီဝင်များထံ ပုံမှန်ဖြန့်ဝေပေးပို့လျက်ရှိကြောင်း။

**လိုင်စင်ထုတ်ပေးလျက်ရှိ**

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်အသစ် လျှောက်ထားမှုတွင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက် ၇ ချက်နှင့်ပြည့်စုံမှုရှိပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်မှုမရှိခြင်း၊ ကော်မတီ၏ လုပ်ငန်းလမ်းညွှန်ချက်များကို တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လျှောက်ထားသူများကို ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ထုတ်ပေးလျက်ရှိရာ ထိုသို့ခွင့်ပြုထုတ်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် စိစစ်ထုတ်ပေးရေးအဖွဲ့ကို ၂၀၂၁ ခုနှစ် မေ ၂၀ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် (Passport for Job– PJ) ကိုင်ဆောင်ထားသော မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရာတွင် ဥပဒေနှင့်အညီ ဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Employment Identification Card – OWIC) ပါရှိမှသာ ထွက်ခွာခွင့်ပြုလျက်ရှိရာ ပြည်ပနိုင်ငံများသို့ ထွက်ခွာနိုင်ရေး ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC) ပြုလုပ်ခွင့် တင်ပြလာပါက ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို အသေးစိတ် ဆွေးနွေးပြောကြားသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ထိုင်းနိုင်ငံရှိ စမုစခွန်ခရိုင်၊ စမုပရာကန်ခရိုင်၊ ချင်းမိုင်ခရိုင်၊ ချွန်ဘူရီခရိုင်နှင့် ရနောင်းခရိုင်တို့တွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) သက်တမ်းတိုးစခန်းများကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့မှု၊ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်ဆိုင်ရာအခြေအနေ၊ ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC) ကိစ္စ၊ CI သက်တမ်းတိုးစခန်း ငါးခုနှင့် အရန်စခန်းတစ်ခုတွင် အသုံးပြုမည့် စက်ပစ္စည်းများနှင့် Consumable များနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှု၊ TDCC တွင် Passport သုံးစွဲ၊ လက်ကျန်အခြေအနေနှင့် OWIC လုပ်ငန်းစဉ်အတွက် PVC သုံးစွဲလက်ကျန်အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် Online မှ တက်ရောက်သူများ၊ သံအရာရှိများက ရှင်းလင်းဆွေးနွေးမှုများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအတွက် ကျန်းမာသန်စွမ်းပြီး စွမ်းရည်ထက်မြက်သော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာမည်

**ပဲခူး ဇန်နဝါရီ ၂၁**



အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံအတွက် ကျန်းမာသန်စွမ်းပြီး စွမ်းရည်ထက်မြက်သော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်ခြင်း အခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ပဲခူးတိုင်းဒေသကြီး ပြေးခုန်ပစ်အသင်းမှ တံခွန်စိုက်ဆုဖလားများ ရရှိထားပြီး ဆက်လက်၍လည်း တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ရန် တစ်ဦးချင်း ဆုနှင့် အသင်းလိုက်ဆုဖလားများရရှိအောင် အကောင်းဆုံး ယှဉ်ပြိုင်ကြိုးစားကြစေလိုကြောင်း၊ ပြိုင်ပွဲကာလအတွင်း ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ နေထိုင်သွားလာကြရန်နှင့် အားကစားကွင်း၊ အားကစားရုံ၊ အိပ်ဆောင်များ၌ သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အသင်းခေါင်းဆောင်၊ နည်းပြနှင့် အုပ်ချုပ်သူများထံ အောင်နိုင်ရေးအလံ ပေးအပ်ပြီး သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးဂုဏ်ဆောင် ပြေးခုန်ပစ် အားကစားသမားများ ရွေးချယ်မှု၊ စခန်းသွင်းလေ့ကျင့်မှုနှင့် သွားရောက် ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးမှ ပြေးခုန်ပစ်အားကစားသမား ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်မြို့နယ် နမ့်ကတ်ကျေးရွာအုပ်စုအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားများကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေး

**မူဆယ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် နမ့်ကတ်ကျေးရွာအုပ်စု နမ့်ကတ်ကျေးရွာတွင် လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ဆိုသည့် ဆောင်ပုဒ်အတိုင်း ဒေသခံပြည်သူတိုင်း ဥပဒေနှင့်ညီညွတ်သူတိုင်း နိုင်ငံသားကတ်ရရှိစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရွက်စိမ်းပွင့်လူငယ်ဇရပ်၌ ဆောင်ရွက်ပေးသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် ဗဟိုတအောင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ခွဲဒုဥက္ကဋ္ဌ ဦးမိုင်းလှရွှေက ကျေးဇူးတင်စကား ပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးရေးလုပ်ငန်းအား နိုင်ငံတစ်ဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နမ့်ကတ်ကျေးရွာမှ ဒေသခံပြည်သူ ၁၂၀ ခန့် တက်ရောက်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၅ ခုကို လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



# အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၂ ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၂၁

**"ASEAN–A Community of Peace and Shared Future" ခေါင်းစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ် (၄၀) မြောက် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်–၂၀၂၂ နှင့် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် အခမ်းအနားများကို ကမ္ဘောဒီးယားနိုင်ငံ ပရီဆီဟာနုပြည်နယ်ရှိ ဆိုခါရီဆော့ ကမ်းခြေဟိုတယ်တွင် ဇန်နဝါရီ ၁၇ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။**

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် Sokha Resort Hotel ၌ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး Dr.THONG KHON နှင့် ကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံသည်။

**ညှိနှိုင်းဆွေးနွေး**

ထိုတွေ့ဆုံပွဲတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Implementation of Action Plan on Tourism Cooperation ၂၀၁၇–၂၀၂၀ အရ ဆီရမ်ရိ–ပုဂံ တိုက်ရိုက် လေယာဉ်ပျံသန်းရေးကိစ္စများအပါအဝင် Action Plan သက်တမ်းတိုးမြှင့်ရေးကိစ္စ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ၊ မြန်မာနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Enchanting Myanmar Health & Safety Protocol နှင့် အာဆီယံမှ ရေးဆွဲအကောင်အထည်ဖော်မည့် ASEAN Guidelines for Hygiene and Safety ချိတ်ဆက်ကာ နိုင်ငံတကာအဆင့် အသိအမှတ်ပြုရေးကိစ္စနှင့် ကိုဗစ်–၁၉ အလွန်ကာလ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဈေးကွက်မြှင့်တင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်–၂၀၂၂ အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ၏ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားတွင် ပရီဆီဟာနုပြည်နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များက ကမ်းခြေတွင် အမှတ်တရ အရိပ်ရအပင်များကို စိုက်ပျိုးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်–၂၀၂၂ ဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၏ ကြိုဆိုညစာစားပွဲသို့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဧည့်သည်တော်များနှင့်အတူ တက်ရောက်သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က အာဆီယံဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အာဆီယံနိုင်ငံသားများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်မှုနှင့် ရင်းနီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ အလွန်ကာလ အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ရေး အစီအစဉ်နှင့် ရေရှည်တည်တံ့ခိုင်မြဲ၍ ကြံ့ကြံ့ခံနိုင်သော၊ အားလုံးပါဝင်သော အာဆီယံခရီးသွားလုပ်ငန်းများဆိုင်ရာ ဖနောင်ပင်ကြေညာချက်ရေးဆွဲရေးတို့ကို ဦးဆောင်အကောင်အထည်ဖော်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ညစာစားပွဲတွင် ခမာရိုးရာယဉ်ကျေးမှုအကများ၊ အာဆီယံနိုင်ငံများ၏ ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်–၂၀၂၂ကို အောင်မြင်စွာ ဖွင့်လှစ်သည်။

**လှည့်လည်ကြည့်ရှု**

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN က အာဆီယံခရီးသွားလုပ်ငန်း ပြပွဲဖွင့်လှစ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အာဆီယံခရီးသွားလုပ်ငန်းများမှ ဝန်ကြီးများနှင့်အတူ အဖွဲ့ဝင်နိုင်ငံများမှ ခင်းကျင်းပြသထားသော ခရီးသွားပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအတွင်းရေးမှူးချုပ် Mr.Dato Lim Jok Hoi၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ကို ဂါရဝပြုတွေ့ဆုံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်–၂၀၂၂ နှင့် ဆက်စပ်ကျင်းပသည့် (၂၅) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံ+ ၃ (တရုတ်၊ ဂျပန်၊ ကိုရီးယား) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ (၉)ကြိမ်မြောက် အာဆီယံ+အိန္ဒိယ ခရီးသွားလုပ်ငန်း ဝန်ကြီးများအစည်းအဝေး၊ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသော အာဆီယံ+ ရုရှားခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အာဆီယံ–တရုတ်ဗဟိုဌာန၊ အာဆီယံ–ဂျပန်ဗဟိုဌာန၊ အာဆီယံ–ကိုရီးယားဗဟိုဌာန၊ အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့၊ အာဆီယံခရီးသွားလုပ်ငန်းသုတေသနအဖွဲ့၊ ပစိဖိတ်–အာရှခရီးသွားလုပ်ငန်းအဖွဲ့၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ စသောအဖွဲ့များနှင့် ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်သည်။

**သဘောတူအတည်ပြုခဲ့**

အဆိုပါအစည်းအဝေးများမှ အာဆီယံဒေသအတွင်းတွင် ၂၀၂၁ ခုနှစ်အတွင်း ကနဦးစာရင်းများအရ နိုင်ငံတကာခရီးသွားဧည့်သည်ပေါင်း ၂ ဒသမ ၅ သန်းသာ ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၉၀ ရာခိုင်နှုန်း ကျဆင်းခဲ့မှု၊ ကိုဗစ်–၁၉ အလွန်ကာလ အာဆီယံခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ်၊ အာဆီယံခရီးသွားလုပ်ငန်းများ ဘေးကင်းလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များရေးဆွဲပြီးစီးမှုနှင့် ASEAN Safe Travel Stamp ကို ဆက်လက်အကောင်အထည်ဖော်မည့်အခြေအနေ၊ အာဆီယံထိပ်သီးအစည်းအဝေးပွဲများမှ အတည်ပြုလမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ASEAN Travel Corridor Arrangement Framework အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူလရည်မှန်းထားသည့် Essential Business and Official ခရီးသွားများအပြင် အပန်းဖြေခရီးသွားဧည့်သည်များကိုပါ အဆိုပါမူဘောင်တွင် တိုးချဲ့ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စများနှင့် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့လျက်ရှိသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ပြန်လည်လေ့လာဆန်းစစ်ရေးကိစ္စရပ်များကို သဘောတူအတည်ပြုခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲသို့ လည်းကောင်း၊ အာဆီယံခရီးသွားလုပ်ငန်းဆုများ ပေးအပ်ခြင်းအခမ်းအနားသို့ လည်းကောင်း၊ အာဆီယံခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အာဆီယံခရီးသွားလုပ်ငန်း အမှတ်တံဆိပ် (Logo) နှင့် အာဆီယံခရီးသွားလုပ်ငန်း မြှင့်တင်ရေး ရုပ်သံမိတ်ဆက်ခြင်း အခမ်းအနားများသို့ လည်းကောင်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် စီတာပူရပ်ကွက်အတွင်းရှိ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးစဉ်။

## ကချင်ပြည်နယ်ဝန်ကြီးချုပ်က စီတာပူရပ်ကွက်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**မြစ်ကြီးနား ဇန်နဝါရီ ၂၁**


ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက စီတာပူရပ်ကွက်အတွင်းရှိပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကိုကြည့်ရှုအားပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးမှုကို ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်တို့က စီတာပူရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း၏ ဝိုင်းဝန်းကူညီမှုဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၏ ကာကွယ်ဆေး ထိုးနှံနေမှုကို ကြည့်ရှုအားပေးကာ ကာကွယ်ဆေး လာရောက်ထိုးနှံသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။


ပြည်နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့တွင်း အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်လျက်ရှိသည့် တရားခံများဖမ်းဆီးရမိမှု အခြေပြဇယား






၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ တိုက်အမှတ်(၃) အခန်း(၄၄)၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် သာကေတမြို့နယ် ဇဗ္ဗူသီရိ(၈)လမ်း (၆)ရပ်ကွက်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် အမှတ်(၉၁၈)၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက် အမှတ်(၄၅၇/က)၌ သိမ်းဆည်းရမိသည့် လက်နက်နှင့် 3D Printer စက်များ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ကုန်းလမ်းပို့ဆောင်ရေးယာဉ်ရပ်နားဝင်းအနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

❖ *ကျောဖုံးမှ*

STF အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့တို့၏ တာဝန်ခံအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့ တာဝန်ခံအဖြစ် **ဝေဖြိုးဟန်(ခ)နောင်ရိုး** က ဆောင်ရွက်ပြီး အရှေ့ပိုင်းခရိုင် တာဝန်ခံ **လင်းထက်(ခ)မဟူရာ**၊ အနောက်ပိုင်းခရိုင် တာဝန်ခံ **နေလင်းအောင် (ခ)ဖိုးကျော်**၊ တောင်ပိုင်းခရိုင် တာဝန်ခံ **ထက်ဇော်**၊ မြောက်ပိုင်းခရိုင် တာဝန်ခံ **မင်းရန်နိုင်** တို့ဖြင့် ခရိုင်လေးခုခွဲ၍ ဖွဲ့စည်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ပိုမိုအရှိန်မြှင့်တင်လုပ်ဆောင်စေခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG နှင့် PDF အဖွဲ့များမှ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်မှုမရှိစေရေး သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ တိုက်အမှတ်(၃) အခန်း(၄၄)၌ ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့ အရှေ့ပိုင်းခရိုင် တာဝန်ခံ **လင်းထက်(ခ)မဟူရာ**(၃၆)နှစ်နှင့် **ဇော်ကိုကို**(၃၅)နှစ်တို့ နှစ်ဦးကို Sigsauer ပစ္စတို နှစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် အတောင့် ၃၀၊ MK-12 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည် အတောင့် ၂၀၊ M-79 သေနတ် တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **လင်းထက်**၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၈ ရက်တွင် သာကေတမြို့နယ် ဇမ္ဗူသီရိ(၈)လမ်း (၆)ရပ်ကွက်၌ အနောက်ပိုင်းခရိုင် တာဝန်ခံ **နေလင်းအောင်(ခ)ဖိုးကျော်**(၃၈)နှစ်ကို MK-12 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ Sigsauer ပစ္စတို တစ်လက်၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ငင်းကျည်အိမ် တစ်ခု၊ ၉ မမ ကျည် ၂၂ တောင့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဇော်ကိုကို**၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာ ဂေါက်ကွင်းအနီး၌ **အောင်ကျော်ဇော(ခ)အောင်မြင့်မြတ်** (၂၃)နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ လှည်းကူးမြို့နယ် ဆင်ဖုံတောင်ကျေးရွာ၌ **ဝိုင်းချစ်ထူး** (၂၃)နှစ်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အောင်ကျော်ဇော(ခ)အောင်မြင့်မြတ်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၆)ကွေ့မှတ်တိုင်အနီး၌ **ဇမ္ဗူထွန်း** (၁၈)နှစ်၊ **ထက်ရွှေစင်** (၁၇)နှစ်၊ **ဇင်မင်းလှိုင်** (၂၃)နှစ်၊ **အောင်ဇင်ထွေး** (၁၇) နှစ်တို့ လေးဦးကို ဖမ်းဆီးရမိခဲ့ပြီး **ဇမ္ဗူထွန်း** ၏ ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာ(၅)လမ်း (၂)ရပ်ကွက်၌ **ပြည့်ဖြိုးအောင်** (၃၀)နှစ်ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဇော်ကိုကို**၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် ရတနာပုံလမ်းရှိ ၎င်း၏နေအိမ်၌ YUF အကြမ်းဖက်အဖွဲ့မှ **ငြိမ်းမြတ်သူ(ခ)ကိုငြိမ်း**(၂၆)နှစ်၊ **နေလ**(၂၆)နှစ်၊ **ဝင်းနိုင်ဦး(ခ)ကိုချို** (၅၃)နှစ်နှင့် **အောင်ဖြိုးသူ**(၂၇)နှစ်တို့လေးဦးကို AK-47 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၄၃ တောင့်တို့နှင့်လည်းကောင်း၊ တရားခံ **ငြိမ်းမြတ်သူ (ခ) ကိုငြိမ်း** ၏ ထွက်ဆိုချက်အရ ညနေပိုင်းတွင် သာကေတမြို့နယ် (၇)ရပ်ကွက်နေ **ကောင်းမြတ်(ခ) ပြည့်စုံ**(၂၄)နှစ်ကို သာကေတအဝိုင်းအနီး၌လည်းကောင်း၊ သာကေတမြို့နယ် (၇/အရှေ့) ရပ်ကွက်ရှိ ၎င်း၏နေအိမ်၌ **အောင်မြတ်သူ** (၅၅)နှစ်နှင့် **ဇော်မင်းလှိုင်**(၅၄) နှစ်တို့ နှစ်ဦးကို Glock ပစ္စတို တစ်လက်၊ FCG-9 သေနတ် ထုတ်လုပ်သည့် 3D Printer စက်လေးလုံး၊ FCG-9 သေနတ် အစိတ်အပိုင်းများ ထည့်ထားသည့် စက္ကူဖာ တစ်ပုံးတို့နှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နေလ** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၂ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ **အောင်ရဲကျော်**(၃၂)နှစ်ကို လည်းကောင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် (၈၂)ရပ်ကွက် တိုက်(၂၄)၌ **နိုင်အောင်**(၂၂) နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ စစ်တောင်းရပ်ကွက် တိုက်(၂၄)၌ **အောင်သူဟိန်း**(၂၃)နှစ် **မင်းမြတ်အောင်**(၂၀) နှစ်တို့ နှစ်ဦးကို Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမ ကျည် ကိုးတောင့်၊ လက်လုပ်မိုင်း လေးလုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဝင်းနိုင်ဦး (ခ)ကိုချို** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းဆုံ စစ်ဆေးရေးဂိတ်၌ FLA အကြမ်းဖက်အဖွဲ့မှ **ဟန်လင်းဦး** (၄၈)နှစ် ထောက်ကြန့်မြို့နေသူကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ကုန်းလမ်းပို့ဆောင်ရေး ယာဉ်ရပ်နားဝင်းအနီး၌ **ဝေယံဖြိုး(ခ) ဝေယံလေး** (၂၃)နှစ်နှင့် **ထက်ဝေယံ(ခ)ထက်ကြီး** (၂၄)နှစ်တို့ နှစ်ဦးကို MK-12 သေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် အတောင့် ၅၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကာ ၎င်းတို့၏ထွက်ဆိုချက်အရ ကုန်းလမ်းပို့ဆောင်ရေး ယာဉ်ရပ်နားဝင်းအတွင်းရှိ ၎င်းတို့၏နေအိမ်မှ M4A1 သေနတ် တစ်လက်၊ AR-15 သေနတ် တစ်လက်၊ Glock-19 ပစ္စတို တစ်လက်၊ Sigsauer ပစ္စတို တစ်လက်၊ ပွိုင့်-45 Syracuse သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ခုနစ်ခု၊ ကျည်မျိုးစုံ အတောင့် ၃၄၀၊ MG-1 လက်ပစ်ဗုံး သုံးလုံး၊ ကြိုးဆွဲလက်ပစ်ဗုံး တစ်လုံး၊ M-14 နင်းမိုင်း နှစ်လုံး၊ လက်လုပ်မိုင်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သလ္လာဝတီ(၃) လမ်းရှိ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ M-16 သုံးလက်၊ FCG-9 နှစ်လက်၊ M-16 ကျည်အိမ် ခြောက်ခု၊ FCG-9 ကျည်အိမ် ခြောက်ခု၊ ၅ ဒသမ ၅၆ ကျည် အတောင့် ၉၀၊ ယမ်းတောင့်မျိုးစုံ ၇၈ တောင့်၊ ယမ်းကြိုး ခြောက်ချောင်း၊ ဒီတိုနေတာ ခြောက်ခု၊ ယမ်းစိမ်း ရှစ်ဘူးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ထက်ဝေယံ(ခ)ထက်ကြီး** ၏ ထွက်ဆိုချက်အရ မွန်းလွဲပိုင်းတွင် ထောက်ကြန့်မြို့ ရဲစုတောင်ရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်၌ **ဆွေဆွေလှိုင်** (၂၃)နှစ်၊ **အောင်ကိုကို**(၂၄)နှစ်နှင့် ဘောလုံးကွင်းရပ်ကွက်၌ **လွင်ခန့်** (၂၂)နှစ်တို့သုံးဦးကို လည်းကောင်း၊ ဖမ်းဆီးရမိတရားခံ **နိုင်အောင်** ၏ ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ် ရွှေလက်ဖက်ရည်ဆိုင်အနီး၌ **နိုင်လင်းအောင်** (၂၂)နှစ်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၅ ရက်တွင် ကျောက်တံတားမြို့နယ် အလယ်ဘလောက်၌ **ငြိမ်းငြိမ်းအေး(ခ)မေဘယ်** (၂၈) နှစ်ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းဆုံစစ်ဆေးရေးဂိတ်၌ **ဇင်ကိုကိုအောင်** (၂၉)နှစ်နှင့် **ဟိန်းသက်ပိုင်ကျော်** (၂၅)နှစ်တို့ နှစ်ဦးကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။ *စာမျက်နှာ ၁၀ သို့*


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀)ရပ်ကွက် အမှတ်(၁၀၂) နေအိမ်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း တိုက်(၃၃)၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ (၇)လမ်း အမှတ်(၂၁) နေအိမ်၌ သိမ်းဆည်းရမိသည့်ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် သဃ်န်းကျွန်းမြို့နယ် အောင်ဇေယျလမ်းမကြီး အမှတ်(၁၂) နေအိမ်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၅) ရပ်ကွက် အမှတ် (၄၄/က) ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း ဆိုင်အမှတ် (ဈ/၆) နေအိမ်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀)ရပ်ကွက် ငုဝါလမ်း အမှတ်(၆၃၃)၌ ဖမ်းဆီးရမိသည့် ဖောက်ခွဲရေးပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် သလ္လာဝတီ(၃)လမ်း အမှတ်(၆၉၉/ခ)နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အမှတ်(၁၁၉၉) နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀)ရပ်ကွက် နံ့သာမြိုင်လမ်း သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒီဇင်ဘာသီရိဂေဟာ တိုက် (၁၄၂)ရပ်ကွက် အခန်း(၄၀၂)တွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၉ မှ*

ဖမ်းဆီးရမိတရားခံ **ဇင်ကိုကို အောင်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၆ ရက်တွင် ဖမ်းဆီးရန်ကျန် **ကိုဇေ** ငှားရမ်းထားရှိသော တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်လမ်းရှိ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ M-16 သုံးလက်၊ ၅ ဒသမ ၅၆ ကျည် အတောင့် ၃၀၀၀ တို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၀) ရပ်ကွက် ဗေဒါလမ်းရှိ ၎င်း၏ နေအိမ်၌ **ဝဏ္ဏကျော်**(၃၉)နှစ်ကို လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်မိုင်း ၁၃ လုံး၊ ဖောက်ခွဲရေးပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းရှိ ၎င်းတို့၏ နေအိမ်၌ **ခွန်ချိုထွန်း** (၂၄)နှစ်နှင့် **ထိန်လင်း** (၂၀)နှစ်တို့ နှစ်ဦးကို အသံတိတ်ပြောင်းပါ Glock ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ M-16 ကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၈၂ တောင့်၊ သံဘောစေ့ ၁၂ ဘူးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ(၇)လမ်းရှိ နေအိမ်မှ လက်လုပ်မိုင်း ခုနစ်လုံးကိုလည်းကောင်း၊ အောင်ဇေယျလမ်းမကြီးရှိ နေအိမ်မှ လက်လုပ်မိုင်း နှစ်လုံး၊ ၉ မမ ကျည် ၁၅ တောင့်နှင့် ဖောက်ခွဲရေးပစ္စည်းများကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နိုင်လင်းအောင်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၆ ရက် ညပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၅)ရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်၌ **သန်းနိုင်** (၅၇)နှစ်နှင့် **ကေသီ** (၅၇)နှစ်တို့ နှစ်ဦးကို FCG-9 တစ်လက်၊ ၉ မမ ကျည် နှစ်တောင့်တို့နှင့်လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ် ရပ်နားစခန်း ဒဂုံလမ်း ဆိုင်အမှတ် (ဈ/၆)၌ **မျိုးဇော်** (၄၁) နှစ်ကို လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း ကိုးလုံးတို့နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **သန်းနိုင်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက်ရှိ နေအိမ်၌ **စည်သူအောင်** (၂၂)နှစ်၊ **ထက်ပိုင်ဦး**(၂၄)နှစ်တို့ နှစ်ဦးကို လက်လုပ်ပစ္စတို တစ်လက်၊ ၉ မမ ကျည် ရှစ်တောင့်တို့နှင့်လည်းကောင်း၊ တရားခံ **နိုင်လင်းအောင်** ၏ ထွက်ဆိုချက်အရ ဒဂုံဆိပ်ကမ်းမြို့နယ် (၉၃)ရပ်ကွက်၊တိုက်(၁၈)၌ **အောင်နိုင်**(၃၉) နှစ်ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ဝဏ္ဏကျော်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် **ညီညီပိုင်**(၂၀) နှစ်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၀)ရပ်ကွက်ရှိ နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ငုဝါလမ်းရှိ နေအိမ်၌ လက်လုပ်မိုင်း သုံးလုံး၊ Keypad ဖုန်း ကိုးလုံးနှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းတို့အား လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နံ့သာမြိုင်လမ်း သာသနာ့ရောင်ခြည် ဓမ္မာရုံ၌ အီနာဂါ ရှစ်လုံး၊ လက်လုပ်သေနတ် တစ်လက်နှင့် ၉ မမ ကျည် ၁၄ တောင့်တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက် သဇင်လမ်း ဒီဇင်ဘာ သီရိဂေဟာအနီး၌ **မြတ်နိုးမောင်** (၂၅)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မြတ်နိုးမောင်** ၏ ထွက်ဆိုချက်အရ လှိုင် PDF အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **နိုင်ဝင်းအောင်** ဦးစီး၍ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ၁၁၅ မိုင် စစ်ဆေးရေးဂိတ်၌ **နိုင်ဝင်းအောင်** (၃၂)နှစ်၊ **ရဲဝင်းနိုင်**(၃၀)နှစ်၊ **သန့်ဇင်အောင်** (၂၉)နှစ်၊ **ကျော်သက်နိုင်** (၂၈)နှစ်နှင့် **မင်းမင်းဝင်း** (၃၉) နှစ်တို့ ငါးဦးကို ဖမ်းဆီးရမိခဲ့ပြီး တရားခံ **မင်းမင်းဝင်း** ၏ ထွက်ဆိုချက်အရ ညပိုင်းတွင် **ဇီဇဝါ(ခ)မဝါ** (၅၅)နှစ်ကို လှိုင်မြို့နယ် (၂)ရပ်ကွက် တိုက်အမှတ်(၂/A)၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နိုင်ဝင်းအောင်** ၏ ထွက်ဆိုချက်အရ ဇန်နဝါရီ ၁၉ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဒီဇင်ဘာ အိမ်ရာ တိုက်(၁၄၂)၌ MK-12 တစ်လက်၊ Sigsauer ပစ္စတို တစ်လက်၊ ကျည်အိမ်မျိုးစုံ လေးခု၊ ကျည်မျိုးစုံ ၄၆ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် **တရားခံ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၄၈ ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၂၈ လက်**၊ လက်လုပ်သေနတ် နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၃၇ ခု၊ ကျည်မျိုးစုံ ၃၇၇၁ တောင့်၊ အီနာဂါ ရှစ်လုံး၊ လက်ပစ်ဗုံး ငါးလုံး၊ နင်းမိုင်း နှစ်လုံး၊ လက်လုပ်မိုင်း ၃၈ လုံး၊ အသံတိတ်ပြောင်း တစ်ခု၊ ယမ်းတောင့်မျိုးစုံ ၇၈ တောင့်၊ FCG-9 သေနတ်ထုတ်လုပ်သည့် 3D Printer စက် လေးလုံး၊ FCG-9 သေနတ် အစိတ်အပိုင်းများ၊ ယမ်းကြိုးများ၊ ဒီတိုနေတာများ၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **နေလင်းအောင်** သည် ဖမ်းဆီးရန်ကျန်တရားခံ **နောင်ရိုး (ခ)ဝေဖြိုးဟန်** ၏ စေခိုင်းမှုအရ ကမာရွတ်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ အမျိုးသား ၁၅ ဦးကို KNLA တပ်မဟာ(၆)တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် ပို့ဆောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိ တရားခံများအနက် **ခွန်ချိုထွန်း** သည် KNLA တပ်မဟာ (၂)နယ်မြေ၌ လည်းကောင်း၊ **ဇော်ကိုကို** သည် KNLA တပ်မဟာ (၅)နယ်မြေ၌ လည်းကောင်း၊ **ထက်ဝေယံ၊ ကောင်းမြတ်(ခ) ပြည့်စုံ** နှင့် **အောင်ရဲကျော်** တို့ သုံးဦးသည် KNLA တပ်မဟာ(၆) နယ်မြေ၌ လည်းကောင်း၊ **နိုင်လင်းအောင်၊ ထက်ဝေယံ၊ ဝေယံဖြိုး၊ လွင်ခန့်၊ အောင်ကျော်ဇော၊ ဇမ္ဗူထွန်း** နှင့် **ထက်ရွှေစင်** တို့ ခုနစ်ဦးသည် KNLA တပ်မဟာ(၇) နယ်မြေ၌ လည်းကောင်း အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ကာ NUG အကြမ်းဖက်အဖွဲ့မှ **လွင်ကိုလတ်** ၏ စေခိုင်းမှုဖြင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများအား လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် **လင်းထက်(ခ)မဟူရာ** သည် စက်တင်ဘာလနှင့် အောက်တိုဘာလ၌ **နေလင်းအောင် (ခ) ဖိုးကျော်** စီစဉ်ပေးသည့် စမ်းချောင်းမြို့နယ် ဓမ္မာရုံလမ်းရှိ ၎င်း၏ နေအိမ်နှင့် ကမာရွတ်မြို့နယ်ရှိ နေအိမ်တို့တွင် ဖမ်းဆီးရန်ကျန် တရားခံ **အဂ္ဂ(ခ) အရှည်ကြီး၊ နိုင်ကြီး** အပါ ရှစ်ဦးကို လက်လုပ်ဗုံးနှင့် Keypad ဖုန်းဖြင့် ဖောက်ခွဲနည်းအား သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန် NUG အကြမ်းဖက်အဖွဲ့မှ **လွင်ကိုလတ်** ၏ စေခိုင်းမှုဖြင့် ရန်ကုန်တိုင်း ပကဖ အကြမ်းဖက်အဖွဲ့တာဝန်ခံ **ဝေဖြိုးဟန်(ခ)နောင်ရိုး** မှ ခရိုင် ပကဖ အကြမ်းဖက်အဖွဲ့ တာဝန်ခံများကို ထုတ်ပေးခဲ့ကြောင်း၊ FLA အကြမ်းဖက်အဖွဲ့ အတွက် လိုအပ်သော လက်နက်/ခဲယမ်းများအား KNLA တပ်မဟာ (၇)တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ဖမ်းဆီးရန်ကျန် **မင်းသုတ** မှ မြဝတီမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၁၁ သို့*



၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်တွင် လှိုင်သာယာမြို့နယ် မြို့နယ်ခန်းမရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားရာမှ အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရန်ကင်းမြို့နယ် (၇)ရပ်ကွက် ဆည်မြောင်းလမ်းရှိ ရန်ကုန်တိုင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအနီး ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ကျောက်ရေတွင်းခုံးတံတားအောက်၌ လက်လုပ်ဗုံးတွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် သုဓမ္မာလမ်းမကြီးရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့ အုတ်တံတိုင်းအပြင်ဘက် လက်လုပ်မိုင်း ပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၂)ရပ်ကွက် မြို့မရဲစခန်းအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အနီး လက်လုပ်ဗုံးတွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် လဝကရုံးအနီး၌ လက်လုပ်ဗုံးတွေ့ရှိမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် “ဝါဝါဝင်း” အထည်ချုပ်စက်ရုံအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် စနေမအထည်ချုပ်စက်ရုံအနီး၌ လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အနော်ရထာလမ်းရှိ သောင်ကြီးနယ်မြေရဲစခန်းအား အကြမ်းဖက်သူများမှ M-79 ဗုံးပစ်လောင်ချာဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ထန်းတပင်မြို့နယ် ရိုးကြီးကျေးရွာနှင့် ရိုးလေးကျေးရွာကြားရှိ “ကမ္ဘာသစ်”ဆီဆိုင်အနီး လက်လုပ်ဗုံးပေါက်ကွဲရာမှ အပြစ်မဲ့ပြည်သူ တစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် မေတ္တာလမ်းရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ခြံစည်းရိုးအုတ်တံတိုင်းအပြင်ဘက်၌ ပေါက်ကွဲမှု ဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၀ မှ*

ဖမ်းဆီးရမိတရားခံ **ဇော်ကိုကို** နှင့် **အောင်ဖြိုးသူ** တို့၏ ထွက်ဆိုချက်အရ လှိုင်သာယာ ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ကိုဖြိုး၊ ရဲနိုင်** နှင့် **လူကာ** အပါ ၁၀ ဦးတို့မှ လှိုင်သာယာမြို့နယ်အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အနေဖြင့် -

- ၂၀၂၁ ခုနှစ်၊ ဇွန် ၁၈ ရက်တွင် မြို့နယ်ခန်းမရှေ့၌ လည်းကောင်း၊
- ဩဂုတ် ၃၀ ရက်တွင် မြို့မ ရဲစခန်းရှေ့၌ လည်းကောင်း၊
- စက်တင်ဘာ ၂၁ ရက်တွင် ရွှေလင်ပန်း အထည်ချုပ်စက်ရုံနှင့် ရိုးကြီး/ ရိုးလေး ကျေးရွာအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၃ ရက်တွင် “ဝါဝါဝင်း” အထည်ချုပ်စက်ရုံအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၁၅ ရက်တွင် “စနေမ” အထည်ချုပ်စက်ရုံအနီး၌ လည်းကောင်း ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း၊
- နိုဝင်ဘာ ၂၀ ရက်တွင် သောင်ကြီး နယ်မြေရဲစခန်းအား M-79 ဗုံးပစ် လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း၊

ဖမ်းဆီးရမိတရားခံ **လင်းထက်**၏ ထွက်ဆိုချက်အရ အရှေ့ပိုင်းခရိုင် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့အောက်ရှိ မြို့နယ် ပကဖ အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့်-

- ဩဂုတ် ၁၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၆) ရပ်ကွက် လဝကရုံးအနီး၌ လည်းကောင်း၊
- ဩဂုတ် ၁၄ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် သုဓမ္မာလမ်းမကြီးရှိ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးရှေ့၌ လည်းကောင်း၊
- အောက်တိုဘာ ၁ ရက်တွင် ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုရုံးအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၁၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောက်ရေတွင်း ခုံးတံတားအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၂၄ ရက်တွင် တောင်ဥက္ကလာပ မြို့နယ် (၁၀)ရပ်ကွက် အမျိုးသမီးနှင့်ကလေးဆေးရုံကြီးအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၂၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကညနရုံးအနီး၌ လည်းကောင်း၊
- အောက်တိုဘာ ၂၇ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ယာဉ်ထိန်းရုံးအနီး၌ လည်းကောင်း၊
- နိုဝင်ဘာ ၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ် လျှပ်စစ်ရုံးအား လည်းကောင်း၊
- နိုဝင်ဘာ ၁၆ ရက်တွင် တောင်ဥက္ကလာပ မြို့နယ်ရှိ “ငွေတောင်” စားသောက်ဆိုင်အနီး၌ လည်းကောင်း၊
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်တွင် သာကေတမြို့နယ်ရှိ လျှပ်စစ်ရုံးအား လည်းကောင်း လက်လုပ်ဗုံးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊
- ဖမ်းဆီးရမိတရားခံ **နိုင်အောင်**၏ ထွက်ဆိုချက်အရ ၎င်းသည် နိုဝင်ဘာ ၈ ရက်တွင် MJF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန် တရားခံ AK ထံမှ ရရှိသော ပစ္စတို တစ်လက်ဖြင့် သဃ်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်(၂) လမ်းနေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လည်းကောင်း၊
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်တွင် **နေလ** ထံမှ ရရှိသော ပစ္စတို တစ်လက်ဖြင့် **ငြိမ်းမြတ်သူ** နှင့်အတူ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်

*စာမျက်နှာ ၁၂ သို့*



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကညနရုံးအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက် အထက(၆)ကျောင်းအနီးတွင် လက်လုပ်မိုင်းပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် သုမင်္ဂလာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဘေး ရေနုတ်မြောင်း၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၇)ရပ်ကွက်ရှိ ယာဉ်ထိန်းရုံးအနီး လက်လုပ်ဗုံးပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် သာကေတမြို့နယ် (၁) ထူပါရုံရပ်ကွက် မြင်တော်သာလမ်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ လက်လုပ်ဗုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် မေ ၁၃ ရက်တွင် မင်္ဂလာဒုံမြို့နယ် အမက(၂) ကျောင်းဝင်းအတွင်း လက်လုပ်မိုင်းတွေ့ရှိသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဇူလိုင် ၉ ရက်တွင် မင်္ဂလာဒုံမြို့နယ် ခရေပင်ရိပ်မွန် လျှပ်စစ်ဓာတ်အားခွဲရုံအနီး၌ လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ကန်သာယာမီးပွိုင့်အနီး ယာဉ်ထိန်းရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် ငွေတောင်စားသောက်ဆိုင်အနီး လက်လုပ်မိုင်း တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် ရစဖရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (ဆ/က) ရပ်ကွက် ခိုင်သဇင်လမ်းနှင့် ကြိုးစက်လမ်းထိပ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် တောင်ဒဂုံမြို့နယ် (၂၂)ရပ်ကွက် ကွေ့မအိမ်ရာ ရစဖရုံးရှေ့၌ အပြစ်မဲ့ပြည်သူတစ်ဦး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၁ မှ*

(၂)ရပ်ကွက် ရစဖရုံးအနီး၌ အပြစ်မဲ့ ပြည်သူတစ်ဦးကို လည်းကောင်း လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

တရားခံများ၏ ထွက်ဆိုချက်အရ BRF အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် -

- **အောင်ကျော်ဇော၊ ဇမ္ဗူထွန်း၊ ပြည့်ဖြိုးအောင်၊ ဇင်မင်းလှိုင်၊ အောင်ဇင်ထွေး** ဖမ်းဆီးရန်ကျန် **မန်းကီး** နှင့် B-1 တို့ ခုနစ်ဦးသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာမီးပွိုင့်ရှိ ယာဉ်ထိန်းရုံးကို လည်းကောင်း။
- ဒီဇင်ဘာ ၁၆ ရက်တွင် ရွှေပေါက်ကံ အထက(၆) အနီး၌ လည်းကောင်း။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၂) ရပ်ကွက် ရစဖမှူးရုံးအနီး၌ လည်းကောင်း လက်လုပ်ဗုံးများဖြင့် ပစ်ခတ်ခဲ့ကြောင်း။

တရားခံများ၏ ထွက်ဆိုချက်အရ FLA အကြမ်းဖက်အဖွဲ့အနေဖြင့် -

- **ထက်ဝေယံ** နှင့် ဖမ်းဆီးရန်ကျန် **မင်းသုတ၊ သန်းဇော်ဝင်း** တို့ သုံးဦးသည် မေ ၁၃ ရက်တွင် မင်္ဂလာဒုံဈေးအနီးရှိ အမက(၂)စာသင်ကျောင်းကို လည်းကောင်း။
- ဇူလိုင် ၉ ရက်တွင် **အောင်ကိုကို** နှင့် **နိုင်ရှိန်းသူ** တို့နှစ်ဦးသည် ခရေပင်ရိပ်မွန် လျှပ်စစ်ဓာတ်အားခွဲရုံအနီး၌ လည်းကောင်း။
- ဩဂုတ် ၄ ရက်တွင် **ထက်ဝေယံ** နှင့် **ဝေယံဖြိုး** တို့နှစ်ဦးသည် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအနီးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီး၌ လည်းကောင်း ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း။
- ဩဂုတ် ၁၄ ရက်တွင် **ထက်ဝေယံ၊ ဝေယံဖြိုး** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **နေလင်းဦး၊ ရှိန်းကြီး** တို့ လေးဦးသည် မင်္ဂလာဒုံမြို့နယ် ကြခင်းစုရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ အပြစ်မဲ့ပြည်သူ နှစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံ **ဟိန်းသက်ပိုင်ကျော်** ၏ ထွက်ဆိုချက်အရ-

- စက်တင်ဘာ ၉ ရက်တွင် **ဟိန်းသက်ပိုင်ကျော်** နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ခန့်ထက်ပိုင်** တို့နှစ်ဦးသည် သဃ်္ဃန်းကျွန်းမြို့နယ် နှင်းဆီကုန်းရပ်ကွက်ရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ကို လည်းကောင်း။
- အောက်တိုဘာ ၉ ရက်တွင် **ဇင်ကိုကိုအောင်** သည် ဖမ်းဆီးရန်ကျန် တရားခံ **ဘိုဘို** နှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ YBS (၅၆) ယာဉ်ကို လည်းကောင်း။
- ဒီဇင်ဘာ ၉ ရက်တွင် **ဟိန်းသက်ပိုင်ကျော်၊ ခွန်ချိုထွန်း၊ ခန့်ထက်ပိုင်** တို့ သုံးဦးသည် သဃ်္ဃန်းကျွန်းမြို့နယ် ဝေဘူလရပ်ကွက် ရစဖရုံးအနီး၌ လည်းကောင်း။
- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် **ခွန်ချိုထွန်း၊ ဟိန်းသက်ပိုင်ကျော်** နှင့် **ဘိုဘို** တို့သုံးဦးသည် သဃ်္ဃန်းကျွန်းမြို့နယ် (၂၄)ရပ်ကွက် ရစဖရုံးအနီး၌ လည်းကောင်း။
- ဇန်နဝါရီ ၈ ရက်တွင် **ဟိန်းသက်ပိုင်ကျော်** သည် သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ဈေးအနီး၌ လည်းကောင်း လက်လုပ်မိုင်းများဖြင့် ပစ်ခတ်ခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လှိုင် PDF အကြမ်းဖက်အဖွဲ့အနေဖြင့် -

- ဇွန် ၂၃ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံ **ဆန်းဝင်းထွဋ်(ခ)ကြိုးကြာ** ပါ လေးဦးမှ လှိုင်မြို့နယ် (၁၃)ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- ဩဂုတ် ၂၉ ရက်တွင် **ကျော်သက်နိုင်** သည် **ဆန်းဝင်းထွဋ်(ခ) ကြိုးကြာ၊ တင်ထူးမောင်** တို့နှင့်အတူ လှိုင်မြို့နယ် (၁) ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးအား ဘူတာရုံလမ်းထိပ် မီးပွိုင့်အနီးတွင် လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- စက်တင်ဘာ ၁၉ ရက်တွင် **ရန်ကြီးအောင်** သည် လှိုင်မြို့နယ် (၁၄) ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လည်းကောင်း။
- အောက်တိုဘာ ၁၀ ရက်တွင် ဖမ်းဆီးရန်ကျန် **တုတ်ကြီး** နှင့် **နေတိုး** မှ လှိုင်မြို့နယ် (၂)ရက်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လည်းကောင်း။
- နိုဝင်ဘာ ၁၀ ရက်တွင် လှိုင်မြို့နယ် ဘော်လီဘော အားကစားရုံရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား **မြတ်နိုးမောင်** နှင့် **ပူတင်** တို့မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လည်းကောင်း။
- ဒီဇင်ဘာ ၃ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဆန်းဝင်းထွဋ် (ခ) ကြိုးကြာ၊ ချယ်ချယ်၊ ဟိန်းသူအောင်၊ ရန်ကြီးအောင်** တို့မှ လှိုင်မြို့နယ် ၅ ရပ်ကွက် သော်သဇင်ဈေးအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လည်းကောင်း။
- ဒီဇင်ဘာ ၃၁ ရက်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **တင်ထူးမောင်၊ ဟိန်းသူအောင်** တို့မှ လှိုင်မြို့နယ် (၆) ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်ရာတွင် လည်းကောင်း **ကျော်သက်နိုင်** မှ အခြေအနေများစောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ **ဝေဖြိုးဟန်(ခ)နောင်ရိုး** သည် ပြည်တွင်း၊ ပြည်ပရှိ အစွန်းရောက် NLD ပါတီထောက်ခံသူအချို့ထံမှ အကြမ်းဖက်လုပ်ငန်း ထောက်ပံ့ငွေများရယူကာ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခု တာဝန်ခံများထံသို့ အကြမ်းဖက်လုပ်ငန်းများပြီးမြောက်ပါက တိမ်းရှောင်နိုင်ရန် Save House များ ငှားရမ်းခြင်းအတွက် ငွေကြေးများ ထောက်ပံ့ပေးလျက်ရှိပြီး အကြမ်းဖက်လုပ်ငန်းများ ပြုလုပ်နိုင်မှုအပေါ် မူတည်၍ ငွေကြေးများ ပိုမိုထုတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ငြိမ်းမြတ်သူ** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၉ ရက်တွင် KNLA တပ်မဟာ(၆)တွင် ထွက်ပြေး တိမ်းရှောင်လျက်ရှိသည့် MURM အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **မိုးသူသူအောင်(ခ) မေသက်ခိုင်** မှ 3D Printer စက်လေးလုံးကို ပို့ဆောင်ပေးခဲ့ပြီး **ကောင်းမြတ်** မှ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၇၇)ရပ်ကွက်ရှိ Safe House ၌ FCG-9 သေနတ်များကို စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ **နိုင်လင်းအောင်** သည် KNLA တပ်မဟာ (၇)တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော **ဝေလင်းကျော်(ခ)ရဲရင့်** နှင့်လည်းကောင်း၊ **ထက်ဝေယံ** သည် KNLA တပ်မဟာ (၇)တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော **မင်းသုတ** နှင့်လည်းကောင်း၊ **ဇင်ကိုကိုအောင်** သည် **ချစ်တီး** နှင့်အတူ ရပ်စောက်မြို့နေ **ကိုဇေ** နှင့် လည်းကောင်း ချိတ်ဆက်၍ မြဝတီမြို့မှ လက်နက်/ခဲယမ်းများကို သယ်ယူ/ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ **ဝဏ္ဏကျော်** သည် **ကိုဇေ** ၏ စေခိုင်းမှုဖြင့် ၎င်း၏နေအိမ်၌ လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **ငြိမ်းငြိမ်းအေး (ခ) မေဘယ်** ၏ ထွက်ဆိုချက်အရ နိုဝင်ဘာလတွင် ဒဂုံဆိပ်ကမ်းမြို့နယ်နေ အပြစ်မဲ့ပြည်သူ တစ်ဦး လုပ်ကြံခံရမှုနှင့် ပတ်သက်သည့် သတင်းအား **နိုင်လင်းအောင်** ၏ ချိတ်ဆက်ပေးမှုဖြင့် YRG အကြမ်းဖက်အဖွဲ့ထံမှရရှိခဲ့ပြီး Mizzima သတင်းဌာနသို့ ပေးပို့ခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့များနှင့် ပတ်သက်သည့် သတင်းများကို အယ်ဒီတာချုပ် **စိုးမြင့်** ထံသို့ နေ့စဉ်ပေးပို့ရကြောင်း၊ လက်နက်/ ခဲယမ်းရောင်းချရန်အတွက် **နိုင်လင်းအောင်** ကို ဖမ်းဆီးရန်ကျန် **ပိုင်ရဲသူ၊ ဥက္ကာ** တို့နှင့် ချိတ်ဆက်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါအကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု(၂၉)ကြိမ်နှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်မှု (၁၀)ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာက အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၁ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် သရက်တောမှတ်တိုင်၌ YBS-56 ယာဉ် မီးလောင်မှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် လှိုင်မြို့နယ် (၂) ရပ်ကွက် (၁၁)လမ်းထိပ်၌ အပြစ်မဲ့ပြည်သူ တစ်ဦး ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက် ဓမ္မသုခကျောင်းလမ်းတွင် ဗသက(မှော်ဘီ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် သဃ်္ဃန်းကျွန်းမြို့နယ် ဝေဘူလရပ်ကွက် ရစဖရုံးရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ခုနှစ် ဩဂုတ် ၁၄ ရက်တွင် မင်္ဂလာဒုံမြို့နယ် ကြခင်းစုရပ်ကွက် တေဇလမ်းရှိ ရစဖရုံး၌ အပြစ်မဲ့ပြည်သူများ ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက် ဓမ္မသုခကျောင်းလမ်းတွင် ဗသက(မှော်ဘီ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

# အာဖဂန်နစ္စတန်နိုင်ငံအတွက် ဥရောပသမဂ္ဂမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်မည်

**ဘရပ်ဆဲလ် ဇန်နဝါရီ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာသန်း ၃၀၀ တန် အစီအစဉ်ကို ထောက်ပံ့ပေးသွားမည်ဟု ဥရောပသမဂ္ဂ(အီးယူ) က ကြေညာခဲ့သည်။

**အစားအသောက်ပြတ်လပ်မှုများဖြစ်ပေါ်**

အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း တာလီဘန်များ အာဏာရယူပြီးသည့်အချိန်မှ စတင်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့် အစားအသောက်ပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

**အခြေအနေဆိုးရွား**

နိုင်ငံရပ်ခြားရှိ အာဖဂန်အစိုးရပိုင် ပစ္စည်းများ ထိန်းချုပ်ခံရပြီးနောက် တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေမှာလည်း ဆိုးရွားခဲ့သည်။

**ထောက်ပံ့ပေးသွားမည်**

ဆရာများကို လစာမပေးနိုင်သည့်အတွက် အချို့သောကျောင်းများကို ပိတ်ထားရဆဲဖြစ်သည်။ ယူရို ၂၆၈ ဒသမ ၃ သန်းကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် အာဖဂန်ပြည်သူများ၏ ပညာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူနေထိုင်မှုဘဝများအတွက် သုံးစွဲသွားရန် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် အစိုးရကျောင်းများမှ ကျောင်းဆရာ ၁၉၀၀၀၀ အတွက် အရေးပေါ်ငွေကြေးထောက်ပံ့ပေးသွားရန်နှင့် ကျောင်းများတွင် ကလေးများကို နေ့လယ်စာကျွေးနိုင်ရေးအတွက်လည်း အကျုံးဝင်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**




အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိ ဈေးတစ်ခုကို တွေ့ရစဉ်။

# အမေရိကန် လော့စ်အိန်ဂျလိစ်ခရိုင်တွင် ၂၀၂၁ ခုနှစ် မတ်လမှစတင်ကာ ကိုဗစ် - ၁၉ ကြောင့် နေ့စဉ် သေဆုံးမှုအများဆုံးဖြစ်

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၁**

အမေရိကန်ပြည်ထောင်စု လူဦးရေထူထပ်သည့် ခရိုင်ဖြစ်သည့် လော့စ်အိန်ဂျလိစ်ခရိုင်တွင် ဇန်နဝါရီ ၂၀ ရက်က ကိုဗစ်- ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၀၂ ဦး ရှိခဲ့ရာ ၂၀၂၁ ခုနှစ် မတ်လမှ စတင်ကာ ကိုဗစ် - ၁၉ နေ့စဉ် သေဆုံးမှုအများဆုံး ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်မှ စတင်ကာ ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးမှုနှုန်းမှာ နှစ်ဆတိုးလာခဲ့ကြောင်း လော့စ်အိန်ဂျလိစ် ပြည်သူ့ကျန်းမာရေးဌာနက ပြောသည်။ ဇန်နဝါရီ ၂၀ ရက်တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၉၀ ရာခိုင်နှုန်းမှာ ဒီဇင်ဘာ ၂၄ ရက်နောက်ပိုင်းမှ ရောဂါကူးစက်ခံရပြီး သေဆုံးသူများဖြစ်ကြောင်း တွေ့ရသည်။



ကိုဗစ်– ၁၉ ကြောင့် ဆေးရုံတက်နေရသည့် လူနာတစ်ဦးကို တွေ့ရစဉ်။

ထို့ကြောင့် အိုမီခရွန်မျိုးကွဲကြောင့် ကူးစက်မှုပြင်းထန်ကြောင်း ယူဆဖွယ်ရှိသည်။ ဇန်နဝါရီ ၂၀ ရက်တွင် ကိုဗစ်–၁၉ကြောင့် သေဆုံးသူများအနက် သေဆုံးသူ ၇၀ ရာခိုင်နှုန်းမှာ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးရွယ်အိုများ ဖြစ်ကြကြောင်း ပြည်သူ့ကျန်းမာရေးဌာနက ကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။

လော့စ်အိန်ဂျလိစ်ခရိုင်တွင် တစ်ရက်အတွင်း ကူးစက်ခံရမှုနှုန်းမှာ ၃၃၀၀၀ ခန့် ရှိကြောင်း ပြည်သူ့ကျန်းမာရေး ဒါရိုက်တာ ဘာဘရာ ဖာရာက ပြောသည်။

**ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံတွင် စက်လှေတိမ်းမှောက်မှု လူပေါင်း ၁၈၀ ကျော်ပျောက်ဆုံး

**ကင်ရှာဆာ ဇန်နဝါရီ ၂၁**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ကွန်ဂိုမြစ်အတွင်း ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်က စက်လှေတိမ်းမှောက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပျောက်ဆုံးသူဦးရေမှာ၁၈၀ ကျော်ရှိကြောင်း ဒေသခံအာဏာပိုင်များက ဇန်နဝါရီ ၂၀ ရက်တွင် ပြောသည်။

ပြည်နယ်မြို့တော် အမ်ဘန်ဒါကာမှ ကော်မရှင်နာက ယင်းအဖြစ်အပျက်မှာ ကြေကွဲဖွယ်ဖြစ်ရပ်ဟု ပြောကြားခဲ့ပြီး နောက်ထပ်အသေးစိတ်အချက်အလက်များကိုပြောကြားခဲ့ခြင်း မရှိချေ။ ကြံ့ခိုင်ခြင်းမရှိသောစက်လှေမှာ လူပေါင်း ၆၀၀ကျော်ကိုတင်ဆောင်လာခဲ့ခြင်းဖြစ် သည်ဟု ကုလသမဂ္ဂကျောထောက်နောက်ခံ အိုကာပီသတင်းတွင် ဖော်ပြထားသည်။

ပျောက်ဆုံးနေသူအများအပြားရှိသည့်အတွက် သေဆုံးသူအတိအကျကို မသိရသေးချေ။ စက်လှေနှင့် သင်္ဘောတိမ်းမှောက်မှုများမှာ ကွန်ဂိုမြစ်အတွင်း မကြာခဏဖြစ်ပွားလေ့ရှိသည့် ဖြစ်ရပ်များဖြစ်သည်။ ညအချိန်ခရီးသွားလာခြင်းနှင့် သင်္ဘောစက်လှေများ၏ ကြံ့ခိုင်ရေးနည်းပါးမှုတို့ကြောင့် ယင်းကဲ့သို့ ကြေကွဲဖွယ်ဖြစ်ရပ်များ ဖြစ်ပေါ်လေ့ရှိသည်။

**ဆင်ဟွာ**

# ကမ္ဘာ့ဘဏ်က တောင်အာဖရိက၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၇၅၀ ထုတ်ချေး

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

ကမ္ဘာ့ဘဏ်သည် တောင်အာဖရိက၏ ကိုဗစ်–၁၉ တိုက်ဖျက်ရေးကို ထောက်ပံ့ရန်နှင့် ကပ်ရောဂါမှ စီးပွားရေး နာလန်ထူအောင်ကူညီပေးရန် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၇၅၀ (ယူရိုသန်း ၆၆၀) ပေးရန်ခွင့်ပြုခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၁ ရက်က ပြောသည်။

ထုတ်ပြန်ကြေညာချက်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပါချေးငွေသည် ဆင်းရဲသားများကို ကာကွယ်ရန်၊ ကိုဗစ်–၁၉ကြောင့် လူမှုစီးပွားရေးပေါ် ဆိုးကျိုးသက်ရောက်မှုကိုကုစားရန်နှင့် စီးပွားရေး နာလန်ထူရန်အတွက်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကပ်ရောဂါကြောင့် တောင်အာဖရိကတွင် လူပေါင်း ၉၄၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ပြီး ၃ ဒသမ ၅ သန်း ကူးစက်ဖြစ်ပွားခဲ့သည်။ အာဖရိကတိုက်တွင် အမြင့်ဆုံး ကူးစက်ဖြစ်ပွားသည့် ပမာဏဖြစ်သည်။ ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်ကတည်းက စီးပွားရေးကျဆင်းမှုကို ကုစားရန် ကမ္ဘာ့ဘဏ်သည် နိုင်ငံပေါင်း ၁၀၀ ကျော်သို့ အမေရိကန်ဒေါ်လာ ၁၅၇ ဘီလီယံကျော်ဖြန့်ကြက်ချထားပေးခဲ့သည်။ **အေအက်ဖ်ပီ**

# လေကြောင်းခရီးစဉ်ပိတ်ပင်ထားမှု ဖေဖော်ဝါရီလကုန်အထိ အိန္ဒိယတိုးမြှင့်သတ်မှတ်

**နယူးဒေလီ ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်မှုများ ဆက်လက်မြင့်မားမှုနှင့် ရင်ဆိုင်နေရသည့်အတွက် တင်းကျပ်သည့် ကန့်သတ်ချက်များကို ဆက်လက်ထိန်းသိမ်းထားသည်။

ဇန်နဝါရီ ၂၀ ရက် တစ်ရက်တည်းတွင်ပင် ကူးစက်မှုအသစ် ၃၁၀၀၀၀ ရှိကြောင်း သိရသည်။ အာဏာပိုင်များသည် အပြည်ပြည်ဆိုင်ရာမှ လေကြောင်းခရီးစဉ်များ ပြေးဆွဲပျံသန်းမှုပိတ်ပင်ထားသည့်ကာလကို ဆက်လက်တိုးမြှင့်သတ်မှတ်ခဲ့သည်။ အဆိုပါပိတ်ပင်ထားမှုကို ဖေဖော်ဝါရီလကုန်ပိုင်းအထိ တိုးမြှင့်သတ်မှတ်သွားမည်ဟုလေကြောင်းဝန်ကြီးဌာနကဇန်နဝါရီ ၁၉ ရက်တွင် ကြေညာခဲ့သည်။

ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ပုံမှန်ပြေးဆွဲနေကျ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များကို ဆိုင်းငံ့ခဲ့သည်။ ကူးစက်မှုများ များပြားလာသည့်အတွက် တိုင်းပြည်တစ်လွှား မြို့အချို့တွင် ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်များထုတ်ခဲ့သည်။ မြို့ပြဧရိယာများတွင် ဆေးရုံတက်ရသူဦးရေမှာ ယခုအချိန်အထိ နိုင်နင်းနေဆဲဖြစ်သည်။ သို့သော်လည်း ကူးစက်မှု၏ ဗဟိုချက်မနေရာမှာ ကျေးလက်ဒေသများဖြစ်သွားမည်ကို အာဏာပိုင်များက စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၄၉၄၀ ထပ်မံတွေ့ရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၂၁**

အစ္စရေးနိုင်ငံတွင် ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၄၉၄၀ ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူ ၂၁၀၁၂၆၅ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ပြောသည်။

သေဆုံးသူဦးရေမှာလည်း နောက်ထပ် ၁၉ ဦးတိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၈၃၆၉ ဦးအထိရှိလာသည်။

ကျောင်းနေရွယ်ကလေးများနှင့် မူလတန်းကလေးများ ကိုဗစ် –၁၉ ကူးစက်ခံရသူနှင့်ထိတွေ့မှု ရှိပါက အသွားအလာစောင့်ကြည့်ကန့်သတ်ခံရန် မလိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ငါးနှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်– ၁၉ တတိယအကြိမ်ထိုးပေးရန် ထောက်ခံချက်ပေးခဲ့သည်။

**ဆင်ဟွာ**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း




ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေရှိ ဘုန်းတော်ကြီးကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်နှင့် အုန်းတောကျောင်းတိုက်တို့သို့လည်းကောင်း၊ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်သို့လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တိုင်းဒေသကြီးများမှ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းမိသားစုများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပထမအကြိမ် မြန်မာ–အိန္ဒိယ ပူးတွဲကြီးကြပ်ရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်တွင် နှစ်နိုင်ငံ အစိုးရများအကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ – အိန္ဒိယနိုင်ငံအကြား မတ်ပဲနှင့် ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပထမအကြိမ် ပူးတွဲကြီးကြပ်ရေး ကော်မတီ (Joint Monitoring Committee–JMC) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ စားသုံးသူရေးရာ၊ အစားအစာနှင့် ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ တွဲဖက်အတွင်းဝန် (စီးပွားရေးရာအကြံပေး) Mr. Kamkhenthang Guite



တို့က ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ပဲလွတ်လပ်စွာ တင်သွင်းခွင့်ပြု**

အဆိုပါ အစည်းအဝေး၌ G to G MoU အရ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) မတ်ပဲ တန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် တစ် သိန်းတို့ကို တင်ပို့ရမည်ဖြစ်ရာ မတ်ပဲနှင့် ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသည့် နေ့မှစ၍ ပထမအကြိမ် ပူးတွဲကြီးကြပ်ရေး ကော်မတီအစည်းအဝေး ကျင်းပသည့်နေ့အထိ မတ်ပဲနှင့် ပဲစင်းငုံ တင်ပို့ပြီးသည့် ပမာဏသည် G to G MoU အရ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုထားသည့် ပမာဏထက်ကျော်လွန် တင်ပို့ထားပြီးဖြစ်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံ အစိုးရမှ မတ်ပဲနှင့် ပဲစင်းငုံတို့အား လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့် မူဝါဒအား ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်း တိုးမြှင့်ပေးခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမှ ပဲတင်ပို့သူများနှင့် အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများသည် မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာ တင်သွင်းခွင့်အားအကျိုးရှိစွာ ဆက်လက်အသုံးချသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရ၏ မတ်ပဲနှင့်ပဲစင်းငုံတို့ကို လွတ်လပ်စွာ တင်သွင်းခွင့်ပြုသည့် မူဝါဒကြောင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ပဲကုန်သွယ်ကဏ္ဍနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**နှစ်ဖက်သဘောတူ သတ်မှတ်**

ယနေ့ကျင်းပသည့် ပူးတွဲကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေး၌ နားလည်မှုစာချွန်လွှာအရလာမည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အထိအတွက် မတ်ပဲနှင့်ပဲစင်းငုံများကို ကုန်သွယ်မှုပြုရာတွင် မြန်မာနိုင်ငံမှ ပဲတင်ပို့သူများ၊ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းသူများနှင့် နှစ်ဖက်သက်ဆိုင်ရာ အစိုးရဌာနများ လိုက်နာဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်းများကို နှစ်ဖက်သဘောတူ သတ်မှတ်ခဲ့ကြသည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်တို့မှ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံ စားသုံးသူရေးရာ၊ အစားအစာနှင့် ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ အသိပညာပေးဆွေးနွေး

**ဖျာပုံ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့မှ ခရိုင်အတွင်းရှိ လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး လုပ်ငန်းများ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အခွန်ပညာပေးလုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဖျာပုံခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားပြီး၊ အထူးအဖွဲ့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက စားသုံးသူ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာများကို လည်းကောင်း၊ အခွန်အမျိုးအစားများနှင့် ပတ်သက်သည်များကိုလည်းကောင်း၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခြင်း လက်ဝယ်ထားရှိခြင်းဆိုင်ရာ သစ်တောဥပဒေဆိုင်ရာများကို လည်းကောင်း ရှင်းလင်း ဆွေးနွေးကြရာ (ယာပုံ) တက်ရောက်လာကြသော



လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## ဇန်နဝါရီ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၃၁၈ ဦးရှိ

**(၂၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၅၄,၇၅၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၃,၈၁၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၉၃၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၁၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၃၅) ခု | (၁၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၂) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၈၄) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၃၂၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၅၃၁) ခု | (၅၆) ဦး |
| စုစုပေါင်း | (၁၀,၀၉၂) ခု | (၈၃) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်–၁၉ ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၁-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၀၅၄၄၈၆၂ | ၄၄၀၄၇၇၉၉ | ၈၈၃၉၀၃ |
| ၂။ | အိန္ဒိယ | ၃၈၅၆၆၀၂၇ | ၃၆၀၅၈၈၀၆ | ၄၈၈၄၂၂ |
| ၃။ | ဘရာဇီး | ၂၃၅၈၈၉၂၁ | ၂၁၈၅၁၉၂၂ | ၆၂၂၅၁ |
| ၄။ | ပြင်သစ် | ၁၅၆၁၃၂၈၃ | ၁၁၈၅၀၈၇၄ | ၁၅၃၂၀၂ |
| ၅။ | ပြင်သစ် | ၁၅၆၀၀၆၄၇ | ၉၈၄၄၆၈၆ | ၁၂၈၁၁၄ |
| ၆။ | ရုရှား | ၁၀၉၈၇၇၇၄ | ၉၉၇၅၀၅၂ | ၃၂၄၇၅၂ |
| ၇။ | တူရကီ | ၁၀၇၃၆၂၁၅ | ၉၉၈၅၅၉၆ | ၈၅၄၁၉ |
| ၈။ | အီတလီ | ၉၄၁၈၂၅၆ | ၆၅၉၃၆၂၅ | ၁၄၂၅၉၀ |
| ၉။ | စပိန် | ၈၈၃၄၃၆၃ | ၅၄၁၇၂၂၆ | ၉၁၅၉၉ |
| ၁၀။ | ဂျာမနီ | ၈၃၉၇၃၂၈ | ၇၁၇၈၀၀၀ | ၁၁၇၀၄၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၁- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၈၀၂၄၈ | ၄၁၂၁၉၂၈ | ၁၄၄၂၀၁ |
| ဖိလစ်ပိုင် | ၃၃၅၇၀၈၃ | ၃၀၁၂၁၅၆ | ၅၃၃၀၉ |
| မလေးရှား | ၂၈၂၀၉၂၇ | ၂၇၄၇၄၅၇ | ၃၁၈၅၃ |
| ထိုင်း | ၂၃၆၁၇၀၂ | ၂၂၅၆၉၈၂ | ၂၂၀၀၃ |
| ဗီယက်နမ် | ၂၁၁၀၇၃၇ | ၁၇၉၇၁၈၀ | ၃၆၄၄၃ |
| မြန်မာ | ၅၃၃၈၁၅ | ၅၁၁၉၃၆ | ၁၉၃၁၈ |
| စင်ကာပူ | ၂၉၇၅၄၉ | ၂၈၇၀၀၄ | ၈၄၅ |
| လာအို | ၁၂၈၉၂၄ | ၁၂၀၉၉၄ | ၅၁၈ |
| ကမ္ဘောဒီးယား | ၁၂၀၉၅၆ | ၁၁၇၁၈၀ | ၃၀၁၅ |
| ဘရူနိုင်း | ၁၅၉၈၆ | ၁၅၅၀၆ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အခြေခံပညာကျောင်းများတွင် နို့နှင့်ကြက်ဥများတိုက်ကျွေး

**ဘားအံ ဇန်နဝါရီ ၂၁**

အခြေခံပညာမူလတန်းအရွယ် ကျောင်းသား ကျောင်းသူများ နို့သောက်သုံးပေးခြင်းဖြင့် အာဟာရပြည့်ဝပြီး ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားတိုးတက်စေရန်၊ နို့သောက်သုံးသည့် အလေ့အကျင့်ကောင်းများ ရရှိစေပြီး ဉာဏ်ရည်ထက်မြက်၍ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ကြီးထွားစေသည့် အကျိုးကျေးဇူးများ ရရှိစေရန်အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် နို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု မင်္ဂလာရွာသစ် အခြေခံပညာမူလတန်းကျောင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံပြီး အခြေခံပညာမူလတန်းအရွယ်ပင် ရည်မှန်းချက်ပန်းတိုင်များ ထားရှိကြရမည်ဖြစ်ကြောင်း၊ ကျောင်းနေပျော်၍ စာတော်ကြသည့် ကျောင်းသား ကျောင်းသူများဖြစ်ကြစေလိုကြောင်း အားပေးစကားပြောကြားပြီး ကျောင်းသားကျောင်းသူ ၅၄ ဦးအား နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြကာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ၂၀၂၂ ခုနှစ် ပြက္ခဒိန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ဘားအံမြို့ အုန်းတစ်ပင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှကျောင်းသားကျောင်းသူ ၁၅၅ ဦးအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နွားနို့နှင့်ကြက်ဥများ တိုက်ကျွေးကြကာ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ၂၀၂၂ ခုနှစ် ပြက္ခဒိန်များ ထောက်ပံ့ပေးအပ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ကော့ကသောင် အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၅၈ ဦးအား နို့နှင့်ကြက်ဥများတိုက်ကျွေးခဲ့ကြပြီး ပါးစပ်နှင့် နှာခေါင်းစည်းများ၊ ၂၀၂၂ ခုနှစ် ပြက္ခဒိန်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့်စက်သုံးဆီမှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် (၁၂ ဒသမ ၅၄)သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ ၁၀ ခုမှတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်စုစုပေါင်း ၆၄ ဆိုင်တွင် စတင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့်ရောင်းချပေးမည့် စက်သုံးဆီ အရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို ဖော်ပြပါ မြန်မာ့ရေနံနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီးနေ့စဉ်ဒီဇယ်ဆီဈေးနှုန်းများအား မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ တို့သို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**တိုင်းဒေသကြီး / ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၁၃ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၄ |
| ၃ | နေပြည်တော် | ၃ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉ |
| ၅ | မကွေးတိုင်းဒေသကြီး | ၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၂ |
| ၈ | မွန်ပြည်နယ် | ၃ |
| ၉ | ရှမ်းပြည်နယ် | ၅ |
| | စုစုပေါင်း | ၆၄ |

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၂၁၄၆ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၅၉၇ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၂၀၄၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၁၁၅၀၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၉၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၂၉၆၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၇၄၅၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ဒေသခံပြည်သူ ၁၂၆၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၇၄၂၅ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၆၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသားကျောင်းသူ ၃၀၀၆ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၄၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၅၆ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပင်လောင်းမြို့နယ် ညဏ်ပင်ကျေးရွာအနီး၌ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်ဖျက်ဆီး

**နောင်တရား ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်းပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ညဏ်ပင်ကျေးရွာအနီးတစ်ဝိုက်၌ အမြင့်နှစ်ပေခွဲခန့် သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃၅ ဧက ခန့်ကို ဇန်နဝါရီ ၂၁ ရက်တွင် ဖျက်ဆီးသည်။

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးချုပ် တင်ကိုကို၊ တောင်ကြီး ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲမှူး ဒုရဲမှူးကြီး စိုးသန်းတို့က ကြီးကြပ်၍ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲမှူး ရဲမှူးသက်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ပင်လောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခွန်သိန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း အင်အား ၁၂၇ ဦးဖြင့် ပင်မွန်းကျေးရွာအုပ်စု ညဏ်ပင်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့် အမြင့်နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၁၀ ဧက ခန့်၊ ကျေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်နှင့် အနောက်မြောက်ဘက် တစ်မိုင်ခန့်တွင် အမြင့်နှစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့် စုစုပေါင်း ဘိန်းစိုက်ခင်း ၃၅ ဧက ခန့်ကို မြက်ဖြတ်စက် ၂၅ လုံးဖြင့် ဖျက်ဆီးနိုင်ခဲ့သည်။

၂၀၂၁ မှ ၂၀၂၂ ခုနှစ် ဘိန်းစိုက် ရာသီအတွင်း ယနေ့အထိ ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၁၉၅၂ ဧကခန့်ကို ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း ပင်လောင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**ခွန်အောင်(နောင်တရား)**

# ကယားပြည်နယ် လွိုင်ကော်မြို့အနီး KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုများ ထပ်မံကျူးလွန်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့ တောင်ဘက်ရှိ စံပြ(၆)မိုင်ကျေးရွာအတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ခိုအောင်းရောက်ရှိနေကြောင်း အကြမ်းဖက် အဖွဲ့အစည်းများကို မလိုလား၊ လက်မခံသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ယနေ့မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ဖော်ထုတ်ချေမှုန်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ် ရယူ၍လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား အန္တရာယ်အတွင်းမှ ဘေးကင်းရာသို့ သွားလာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးပြု၍လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိတွေ့တိုက်ပွဲဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ထိုသို့ ထိတွေ့တိုက်ပွဲဖြစ်စဉ် ဖြစ်ပွားနေစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး အတတ်နိုင်ဆုံး ထိန်းချုပ်ပစ်ခတ်၍ ချေမှုန်းတိုက်ခိုက်ခဲ့ရာ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် စံပြ(၆)မိုင်ကျေးရွာ၏ အနောက်မြောက်ဘက်ရှိ ဒေသအခေါ် ဂေါ်ရခါးကျေးရွာသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထက်ကြပ်လိုက်လံတိုက်ခိုက်ခဲ့သည်။


### လူထုထိခိုက်စေရန်ရည်ရွယ်

ဆုတ်ခွာထွက်ပြေးသွားသည့် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ၎င်းကျေးရွာအတွင်းရှိလူနေအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထပ်မံပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည့်အပြင် ၎င်းကျေးရွာ၏ အနောက်မြောက်ဘက်ရှိ ဟိုဖိတ်ကျေးရွာအတွင်း ခိုအောင်းရောက်ရှိလျက်ရှိသည့် အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ်များ အသုံးပြု၍ ထပ်မံအင်အားဖြည့်တင်းကာ တိုက်ခိုက်နိုင်ရေး လုပ်ဆောင်လာခဲ့သည်။ အကြမ်းဖက်အဖွဲ့များ၏ ဒေသခံပြည်သူလူထုအပေါ် ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ ထိုကဲ့သို့ အင်အားဖြည့်တင်းမှုကို လုပ်ဆောင်နိုင်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးနှင့် လေကြောင်းပစ်ကူများ အသုံးပြု၍ ပိုင်းဖြတ်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

### လူသားတံတိုင်းအဖြစ် အသုံးချ

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အဆိုပါလုပ်ရပ်များသည် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အဦ၊ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် လူနေရပ်ကွက်အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို အသက်အန္တရာယ်ဖုန်မှ ကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းတို့ကို လုပ်ဆောင်၍ ရည်ရွယ်ချက်ရှိစွာဖြင့် တိုက်ခိုက်ခြင်းဖြစ်သောကြောင့် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ဆက်လက်ကျူးလွန်လျက် ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု ထိခိုက်နစ်နာမှု မရှိစေရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းစေရေးအတွက် အကြမ်းဖက်အဖွဲ့များအား ဆက်လက်ချေမှုန်း တိုက်ခိုက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကယားပြည်နယ် လွိုင်ကော်မြို့အနီး KNPPအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

---

○ *ကျောဖုံးမှ*

သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ၎င်းတို့၏ လက်အောက်ခံ Moon Light Operation အဖွဲ့များနှင့် Zoom Meeting ပြုလုပ်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်အတွက် လှုံ့ဆော်ခြင်း၊ ၎င်းတို့အား မထောက်ခံသူများ၊ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများကို ပစ်ခတ်သတ်ဖြတ်ရန်အတွက် လက်နက်ငှားရမ်းထောက်ပံ့ပေးမှု ၃၅ ကြိမ်၊ လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ညွှန်ကြားခဲ့မှု ၁၁ ကြိမ်၊ ဖောက်ခွဲဖျက်ဆီးမှုအနေဖြင့် အစိုးရအဆောက်အဦများ အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးများ ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးဝန်းကျင် ၂၅ ကြိမ်၊ က.ည.န ရုံးနှင့် အနီးဝန်းကျင် ၉ ကြိမ်၊ CCTV Control Box ၅ ကြိမ်၊ အများပြည်သူနှင့်ဆိုင်သောနေရာများကို အကြိမ် ၆၀၊ ဘာသာရေးအဆောက်အဦများ ၂ ကြိမ်၊ စာသင်ကျောင်း ၃ ကြိမ်၊ ယာဉ်ထိန်းရုံးများ ၁၂ ကြိမ် ပြုမူလုပ်ဆောင်စေခဲ့ခြင်းနှင့် အဆိုပါအကြမ်းဖက်လုပ်ငန်းများ ပြုလုပ်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း၊ ပြည်ပရောက်နေသူများထံမှ အလှူငွေများကောက်ခံပြီး ကောက်ခံရရှိသည့် အလှူငွေများအား အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ငွေကြေးများထောက်ပံ့ခြင်း၊ လက်နက်/ခဲယမ်းများ ဝယ်ယူထောက်ပံ့ပေးခြင်းဖြင့် တရားဝင်သော နည်းလမ်းဖြစ်စေ၊ တရားမဝင်သော နည်းလမ်းဖြစ်စေ၊ ရရှိသည့် ရန်ပုံငွေအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ဒေသကို အကြမ်းဖက်သမားတစ်ဦးဦး (သို့မဟုတ်) အကြမ်းဖက်အုပ်စုတစ်ခုခု အသုံးပြုရန် ရည်ရွယ်၍ ဥပဒေနှင့်မညီဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တမင်ကောက်ခံခြင်း(သို့မဟုတ်) ထောက်ပံ့မှုပြုလုပ်ခြင်းဖြင့် ငွေကြေးဆိုင်ရာ ထောက်ပံ့မှု ပြုလုပ်ခဲ့ခြင်းတို့ကြောင့် လည်းကောင်း။



အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)/ ၅၀(ဈ)/၅၀(ည) အမှုမှ တရားခံ ဖြိုးဇေယျာသော် (ခ) မောင်ကျော် (ခ) ရေခဲ၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉(က)/၅၀(ဈ)/၅၀(ည) အမှုမှ တရားခံ ကျော်မင်းယု (ခ) ဂျင်မီ၏ မှတ်တမ်းဓာတ်ပုံ။

### သေဒဏ်အမိန့်ချမှတ်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် သရက်ခြံ(၁)လမ်းနေ ကျော်မင်းယု (ခ)ဂျင်မီ (ဘ)ဦးတင်ယုသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၊ အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁) ဖြင့် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို မြန်မာနိုင်ငံအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု လုပ်ဆောင်ရာတွင် အသုံးပြုမည့် လက်နက်ခဲယမ်းထောက်ပံ့ရန်အတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၇)ရပ်ကွက် ပင်လုံအိမ်ရာ မြနှင်းဆီလမ်းရှိ နေအိမ်၌ AK-47 ခြောက်လက်၊ M-16 ရှစ်လက်၊ ၁၂ ဗို့ နှစ်လက်၊ တူမီးတစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၈ ခုအား သိုဝှက်သိမ်းဆည်းခြင်းဖြင့် အကြမ်းဖက်မှုကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ၊ လက်နက်၊ ခဲယမ်းမီးကျောက်များ ထောက်ပံ့မှုပြုလုပ်ရန်အတွက် သိုဝှက်သိမ်းဆည်းခြင်း၊ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံဖြစ်သည့် Moon Light Operation အဖွဲ့များနှင့် Zoom Meeting ပြုလုပ်၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ လုံခြုံရေးဂိတ်များ၊ ရဲစခန်းများ၊ ဌာနဆိုင်ရာရုံးများနှင့် နယ်မြေခံတပ်များအား တိုက်ခိုက်ဖောက်ခွဲဖျက်ဆီးရန်အတွက် အကြံပေးအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံဖြစ်သည့် "နွေဦးကံ့ကော်" အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူ/ပြုလုပ်ရန်အတွက် ငွေကြေးလွှဲပြောင်းထောက်ပံ့ပေးခြင်း၊ UMCD အဖွဲ့နှင့် ပူးပေါင်း၍ အမေရိကန်ဒေါ်လာ သိန်း ၁၀၀၀ ခန့် တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သည့် 3D Printer ဝယ်ယူရန် NUG အကြမ်းဖက်အဖွဲ့သို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာများဝယ်ယူ၍ မြန်မာငွေဖြင့် လဲလှယ်ပေးမှုများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉(က)၊ ၅၀(ဈ)နှင့် ၅၀(ည) တို့အရ ဇန်နဝါရီ ၂၁ ရက်တွင် ၎င်းတို့နှစ်ဦးကို "သေဒဏ်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

### ထိထိရောက်ရောက် အရေးယူ

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့် ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူဆယ်ခရိုင် မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)လူရွေးပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်ထောင်စု အားကစားကွင်းအတွင်းရှိ အလေးမအားကစားခန်းမအတွင်း ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ လူရွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပြိုင်ပွဲမကျင်းပမီ မူဆယ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွယ်သွယ်လှိုင်က ပြိုင်ပွဲဝင်မည့်သူများကို အမှတ်ပေး စည်းမျဉ်းနှင့် စည်းကမ်းချက်များကို ကြေညာခဲ့ပြီး လူရွေးပြိုင်ပွဲကို ကျင်းပသည်။

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ လူရွေးပွဲတွင် မူဆယ်မြို့နယ်မှ ခြောက်ဦး၊ နမ့်ခမ်းမြို့နယ်မှ ခြောက်ဦးတို့က သတ်မှတ်ထားသည့် ကိုယ်ကာယကြံ့ခိုင်မှု အခြေခံလေ့ကျင့်ခန်း(၄၆)ကွက်နှင့် အဆင့်မြင့်အကွက် ၃၀ များဖြင့် ပြိုင်ပွဲဝင်ခဲ့ကြသည်။

အဆိုပါလူရွေးပွဲတွင် ဒိုင်အဖြစ် မူဆယ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးသက်မွေးလုပ်ငန်း သင်တန်းကျောင်းနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရွေးချယ်ခဲ့ကြပြီး မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက တက်ရောက်အားပေးကြကြောင်းနှင့် ပြိုင်ပွဲဝင်သူများထဲမှ အကောင်းဆုံးပြိုင်ပွဲဝင်များဖြစ်သော မူဆယ်မြို့နယ်မှ သုံးဦး၊ နမ့်ခမ်းမြို့နယ်မှ သုံးဦးအား ရွေးချယ်ခဲ့ပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပမည့်ပြည်နယ်အဆင့် ပြိုင်ပွဲသို့ ဆက်လက်စေလွှတ်ယှဉ်ပြိုင်သွားစေမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



# နောင်တရားမြို့၌ ခေတ္တခိုလှုံရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများ၏ ကလေးငယ်များကို အခြေခံဘာသာရပ်များ စာပေသင်ကြားပေးလျက်ရှိ

**နောင်တရား ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ကယားပြည်နယ်မှ ခေတ္တခိုလှုံရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများ၏ ကလေးငယ်များကို အခြေခံဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ သင်္ချာနှင့် အင်္ဂလိပ်စာ စသည့်ဘာသာရပ်များကို သင်ကြားပေးလျက်ရှိသည်။

ကယားပြည်နယ်မှ ခေတ္တခိုလှုံရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများ၏ ကလေးငယ်များ အသိပညာတိုးပွားစေရန်၊ ကျောင်းစာပေနှင့် အလှမ်းမဝေးစေရန်အတွက် နောင်တရားမြို့ ပရဟိတလူငယ်များမှကလေးငယ်များကိုကျောင်းစာပေများသင်ကြားပေးလျက်ရှိသည်။ "ကျောင်းသားလေးတွေအတွက် သင်ထောက်ကူပစ္စည်းတွေလိုအပ်နေပါတယ်။ ကလေးတွေလည်း ကျောင်းစာတွေနဲ့ အလှမ်းမဝေးအောင်၊ အသိပညာဗဟုသုတတွေလည်း တိုးပွားစေချင်လို့ပါ" ဟု နေရပ်စွန့်ခွာပြည်သူများ၏ ကလေးငယ်များကို စာပေသင်ကြားပေးနေသည့် ဆရာမတစ်ဦးက ပြောသည်။

နောင်တရားမြို့၌ ရတနာရန်နိုင်စေတီတော်ဓမ္မာရုံ၊ ဗုဒ္ဓဓမ္မတောင်၊ ရွှေဘုန်းပွင့် ပညာဒါနကျောင်းများ၌ ခေတ္တခိုလှုံ ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများ၏ ကလေးငယ် ၁၀၀ ကျော်ကို မြန်မာစာ၊ သင်္ချာနှင့် အင်္ဂလိပ်စာဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## သင်ကြား၊ သင်ယူမှုမထိခိုက်စေဖို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးကြပါစို့

၁



နေထိုင်မှုပုံစံအသစ်နှင့်အတူ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာ သင်ကြားသင်ယူမှုများ ပြန်လည်စတင်နိုင်ဖို့အတွက် ကျောင်းသား/သူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အလွန်အရေးကြီး ပါသည်။

၂

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှာ ပညာသင်ယူကြမည့် ကျောင်းသား/သူများကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျထိုးနှံပေးသွားမည်ဖြစ်ပါသည်။



၃



ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာများတွင် အရေးပေါ်လိုအပ်မည့် ဆေးဝါးများနှင့် လူနာတင်ယာဉ်တို့ကို အသင့်စီစဉ်ထား ရှိမည်ဖြစ်ပါသည်။

ကာကွယ်ဆေး (၂)ကြိမ်ထိုးနှံပြီးပါက ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြား သင်ယူနိုင်မှာဖြစ်တဲ့အပြင် ပြည်သူလူထုအတွင်းမှာလည်း ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားလာပြီး ရောဂါဖြစ်ပွားမှုကိုပိုမို တားဆီးကာကွယ်နိုင်မှာဖြစ်တဲ့အတွက် . . .

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁-၂၀၂၂ စနေနေ့

### MRTV HD

05:00 မေတ္တာသုတ်၊ ရတနသုတ်၊ ဓောဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
07:00 နံနက်ခင်းသတင်း
07:35 မော်ကွန်းစိုက်လို့အတည်ကေန် ဘူမိနက်သန် အကြေပုဂံ
08:35 မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
09:15 ရိုးမထဲကသူတို့ဘဝများ
09:30 ခေတ်အလိုက်ကြေးမုံပြင်
10:00 သတင်းထဲကသတင်း
10:30 လူငယ်မျိုးဆက်သစ်အစီအစဉ်
11:45 တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
13:30 MRTV National News
15:25 ရခိုင်ရိုးရာသမက်တက်ပွဲ
16:35 ပုံပြင်ကမ္ဘာအစီအစဉ် 'ညီအစ်ကိုသုံးယောက်'
16:45 ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
17:30 ရှုလေမြင်လေကမ္ဘာမြေ
18:00 ပြည်တွင်းသတင်း
18:30 သုတဝေဖြာသီရိဂေဟာ
19:15 နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှို့ဝှက်ချက်' (အပိုင်း-၅၆)
20:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
21:00 စိန်ရတုပြည်ထောင်စုလှူရှင်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

07:01 Myitta Phyan Mha Lenn Senn Mal (ThidaTheint)
07:08 Weekly Review
07:24 Discovering Tribes: TaungYoe (Their Life and Customs)
07:47 Myanmar Family Life: Myanmar Snacks
08:01 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Oman Pavilion at Expo 2020 Dubai
09:33 Let's go to Hlawga Nature Park
09:53 [Doctor] [Painter]
10:01 Temple Stalls
10:07 Myanmar's Entrepreneurs: Soe Moe Aung
10:20 Myanmar Puppet
10:27 Discovering Tribes- Maw Nay Bwa: their life and customs

### MRTV NRC

**ဝကောကရင် (05:00 မှ 07:00)**
ရသေ့ပျံ့ဂူ

**အနောက်ပိုးကရင် (07:00 မှ 08:00)**
လူသားအားလုံးကျန်းမာဖို့ နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (08:00 မှ 09:00)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှ ချစ်စရာကရင်ရိုးရာအိမ်ကလေး

**ချင်း (လိုင်ဇိုး) (09:00 မှ 10:00)**
သဘာဝမြေသြဇာပြုလုပ်နည်း

**ချင်း (ချိုး) (10:00 မှ 11:00)**
အမဲသားလိပ်နှင့် ငရုတ်ကောင်းဆော့စ်

**မွန် (11:00 မှ 13:00)**
မွန်တို့အလှုမွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (13:00 မှ 15:00)**
လခြမ်းမြေမှ ရိုးရာအလှု (အပိုင်း-၁)

**ရှမ်း (15:00 မှ 17:00)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ဝ (17:00 မှ 19:00)**
ဖယ်ဇလီသုပ်

**ကချင် (19:00 မှ 21:00)**
စီးပွားဖြစ်တဲ့ ငှက်ပျောခင်း

**ကယား (21:00 မှ 23:00)**
ဒီးမော့ဆိုမြို့လေးနှင့် ဖိုးဒီးခရီ

### MRTV PARLIAMENT

09:00 အဖွင့်၊ အလံ
09:30 ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူချင်းအတူတူ'
10:00 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
10:30 ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
11:00 ရွေးချယ်တင်မြှောက်ပုံစနစ် အမျိုးမျိုးအကြောင်း သိကောင်းစရာ (အပိုင်း-၃)
11:30 အတွေးအမြင် (အပိုင်း-၄)

### MRTV SPORTS

05:00 အဖွင့်
05:30 အခြေခံအားကစားနည်းစနစ်များ
07:00 Sports News
07:30 Soccer View/ Weekly Sports Info
07:45 အားကစားလောကထဲက သူတို့အကြောင်း
08:00 ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
20:00 ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၁:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၁:၀၀) နာရီမှ ည (၁၁:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

---


Livestock Fair 2022
Livestock Production for Better Future

## "တို့တွေအနာဂတ်ကောင်းမွန်ဖို့ မွေးမြူထုတ်လုပ်ကြပါစို့"

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြုလုပ်သည့်

### စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်

### "မွေးမြူရေးတိရစ္ဆာန် ပြပွဲ၊ ပြိုင်ပွဲ(၂၀၂၂)" "Livestock Fair 2022"

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်မှ ၃၀ ရက် စက်စက်ယိုကွင်း၊ နေပြည်တော်


---

## မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၁

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁ - ၂၀၂၂

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၇၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၆၆၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၆၀/၁၅၇၀ ကျပ် | ၁၅၉၀/၁၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၇၀/၁၅၈၀ ကျပ် | ၁၆၀၅/၁၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၃၅/၁၅၄၅ ကျပ် | ၁၅၉၀/၁၆၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၈၅/၁၆၁၀ ကျပ် | ၁၆၉၅/၁၇၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၀ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၇၄ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၅၀ | ၄၁၀၀၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၂၄၇၈ | ၇၈၉၂၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁ | ၂၂၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၀ | ၈၁၀၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| AHP | ၅၄၀၀ | ၅၅၀၀ | ၆၉ | ၃၇၅၆၀၀ |

ညီညီ - စုစည်းသည်

---


# မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဘဝအခြေခံလိုအပ်ချက်နှင့် စာဖတ်ခြင်း

သိန်းထွန်း (IR)

**ဘဝအခြေခံလိုအပ်ချက်နှင့် စာဖတ်ခြင်းဆိုလို့ စကားလုံးက ကြီးကောင်းကြီးနေမယ်လို့ ထင်စရာပါ။ စကားလုံးက ကြီးလွန်းတယ် ထင်ရပေမယ့် အမှန်တကယ် တွေ့ကြုံခံစားမှုကလည်း ကြီးမားလို့ သုံးနှုန်းလိုက်ရခြင်းပါ။ ဘဝအခြေခံလိုအပ်ချက်အတွက် စာဖတ်ခြင်းဆိုလိုက်လို့ စာပေနဲ့ အသက်မွေးဝမ်းကျောင်းတယ်၊ စာပေသက်သက်ကိုပဲ လေ့လာလိုက်စားတယ်၊ စာပေကိုပဲ တစိုက်မတ်မတ်လုပ်တာကို မဆိုလိုပါဘူး။**

တစ်ဦးတစ်ယောက်က ကိုယ့်ဘဝအသက်မွေးကျောင်း ရပ်တည်မှုအတွက်ပဲဖြစ်ဖြစ်၊ ကိုယ်ရည်ကိုယ်သွေးတိုးတက်ဖို့ပဲဖြစ်ဖြစ်၊ စဉ်းစားတွေးခေါ်မှု အတွက်ပဲဖြစ်ဖြစ်၊ ဗဟုသုတအလို့ငှာဖြစ်ဖြစ် စဉ်ဆက်မပြတ် စာပေဖတ်ရှုခြင်း၊ တွေးတောဆင်ခြင်ခြင်းနဲ့ အသုံးချခြင်းကို ဆိုလိုချင်တာပါ။ စာပေတွေ ဖတ်ရှုလို့ရလာတဲ့ အတွေ့အကြုံနဲ့ အကျိုးကျေးဇူးတွေကြောင့် ဘဝအခြေခံလိုအပ်ချက်ဆိုတဲ့ စကားစုလေးကို ရွေးချယ်သုံးနှုန်းရခြင်းပါ။ အဲဒီအခြေခံလိုအပ်ချက်လေးဟာ လူတိုင်းရဲ့ လက်တစ်ကမ်းမှာရှိနေတော့ လူတိုင်း ရယူနိုင်၊ အသုံးချနိုင်ပါတယ်။

## ဦးနှောက်၏ အာဟာရ

စာပေဖတ်ရှုလေ့လာတဲ့ ဦးတည်ချက်တွေထဲမှာ လေ့လာသင်ယူခြင်း၊ ခံစားခြင်း၊ ဦးနှောက်ကို သွေးခြင်း၊ ဗဟုသုတရှာမှီးခြင်း၊ စဉ်းစားတွေးခေါ်မှုကို မြှင့်တင်ခြင်း၊ အတွေးအခေါ်သစ်များရရှိခြင်း၊ ပြန်လည်ဖြန့်ဝေနိုင်ခြင်းတွေ ပါဝင်နေတယ်လို့ နားလည်လက်ခံထားပါတယ်။ လူသားတစ်ယောက်အနေနဲ့ အသက်ရှည်ကျန်းမာဖို့ ကိုယ်ခန္ဓာကျန်းမာရေးဟာ အရေးကြီးပါတယ်။ ကိုယ်ခန္ဓာကျန်းမာဖို့ ကျန်းမာရေးလေ့ကျင့်ခန်းတွေ လုပ်ရတယ်၊ အစားအသောက်တွေ ဆင်ခြင်ရတယ်၊ အနေအထိုင်တွေ ဂရုစိုက်ရတယ်။ ဒါမှ ကိုယ်ခန္ဓာကျန်းမာပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း နေကြရမှာပါ။ အလားတူပါပဲ။ ဦးနှောက်ရဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ ရင့်သန်ဖို့၊ ထက်မြက်ဖို့၊ ထူးချွန်ဖို့ဆိုရင် ဦးနှောက်ရဲ့ စဉ်းစားတွေးခေါ်မှုတွေကို ကျန်းမာသန်စွမ်းအောင် ပြုစုပျိုးထောင်တာ၊ လေ့ကျင့်တာတွေ စဉ်ဆက်မပြတ် ပြုလုပ်ပေးကြရမှာပါ။ ဒါမှ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ ကျန်းမာကြံ့ခိုင်လာမှာ ဖြစ်ပါတယ်။

ဦးနှောက်ရဲ့စွမ်းရည်တွေ ထက်မြက်လာဖို့ ဦးနှောက်ကိုလည်း အာဟာရပြည့်ဝတဲ့ အစာတွေ ကျွေးရပါလိမ့်မယ်။ အစာအာဟာရကျွေး၊ လေ့ကျင့်မှုတွေလုပ်မှ ဦးနှောက်ရဲ့ တွေးခေါ်စဉ်းစားမှုတွေဟာ ကျန်းမာသန်စွမ်းလာပါလိမ့်မယ်။ ဦးနှောက်ရဲ့ စဉ်းစားတွေးခေါ်နိုင်စွမ်းတွေ ကျန်းမာကြံ့ခိုင်ပြီး ထက်မြက်နေဖို့ ဦးနှောက်ရဲ့အာဟာရဟာ စာပေဖတ်ရှုလေ့လာခြင်းပါပဲ။ ဦးနှောက်အာဟာရ ကောင်းရင်ကောင်းသလို၊ ကျေကျေညက်ညက်စားရင် စားသလို၊ လေ့ကျင့်မှုများများလုပ်ရင် လုပ်သလို စဉ်းစားတွေးခေါ်မှုတွေလည်း တိုးတက်ကောင်းမွန်နေပါလိမ့်မယ်။ လူတစ်ယောက်အနေနဲ့ အစားအသောက်ကောင်းတွေကို သင့်ရာသင့်ရာ ကောင်းနိုးရာရာတွေ ရွေးချယ်စားသောက်တတ်ကြသလို ဦးနှောက်ရဲ့ အာဟာရစာပေကိုလည်း ကိုယ်နဲ့သင့်ရာသင့်ရာ ကောင်းနိုးရာရာတွေကို ရွေးချယ်စားသုံးပေးမယ်ဆိုရင် စဉ်းစားတွေးခေါ်မှုတွေဟာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာမှာပဲ ဖြစ်ပါတယ်။

အဲဒီလိုမဟုတ်ဘဲ ဦးနှောက်ကို အစာအာဟာရ မကျွေး၊ လေ့ကျင့်မှုတွေ မရှိရင်တော့ တွေးခေါ်စဉ်းစားမှုတွေ ချည့်နဲ့ပိန်လှီသွားပြီး ဦးနှောက်ရဲ့ အရည်အသွေးနဲ့ စွမ်းဆောင်ရည်တွေလည်း ကျဆင်းသွားနိုင်ပါတယ်။

## အတွေ့အကြုံ

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကျောင်းသွားမယ်၊ စာကျက်မယ်၊ ကစားမယ်၊ အိမ်အလုပ်လုပ်စရာရှိတာလုပ်မယ်၊ ကျန်တဲ့အချိန် အားနေကြတာဆိုတော့ စာဖတ်ဖို့ အခွင့်သာပါတယ်။ အားလပ်နေရင် စာအုပ်ကောက်ကိုင်မိတာပါပဲ။ စာအုပ်ဆိုတဲ့အမျိုးကလည်း ဖတ်ရင်းဖတ်ရင်းနဲ့ ဖတ်ချင်စိတ်ရှိလာတာပါ။ ဖတ်စရာတွေထဲက ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာကို ရွေးဖတ်လာတယ်။ စာအုပ်တွေဖတ်ပြီးရင် သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ကိုယ်ဖတ်တဲ့စာအုပ် အကြောင်းပြောရတာကလည်း အရသာအတော်ရှိတာကိုး။

နောက်ပြီး သူများတွေက စာအုပ်တွေဖတ်ပြီး အာပေါင်အာရင်းသန်သန်နဲ့ ပြောနေလို့မှ ကိုယ်က ဖတ်လည်းမဖတ်၊ သိလည်းမသိဆိုရင် ကိုယ့်ကိုယ်ကိုယ် အရာမဝင်ဘူးလို့ ထင်လာတော့ သူတို့လို ပြောနိုင်အောင် ဖတ်ဖြစ်တယ်။ အဲဒီကမှတစ်ဆင့် သူတို့ဖတ်တာတွေကို ကိုယ်လည်းလိုက်ဖတ်၊ ကိုယ်ဖတ်တာတွေ သူတို့လိုက်ဖတ်ကြနဲ့ ဖတ်ဖြစ်တဲ့ စာတွေစုံသွားတာ။ နောက်မှ တဖြည်းဖြည်းနဲ့ ကိုယ်အားသန်ရာကို ရွေးဖတ်ဖြစ်လာတယ်။ တစ်ခါတလေများဆို စာအုပ်တစ်အုပ် ဖြစ်ဖြစ်၊ တစ်ပိုဒ်လောက်ဖြစ်ဖြစ်၊ တစ်ကြောင်းလောက်ဖြစ်ဖြစ် ဖတ်လိုက်ရင် ခေါင်းထဲကို စဉ်းစားစရာတွေ အများကြီး ရလာတယ်၊ အသိတွေတိုးလာတယ်၊ ကိုယ်မမြင်တာ၊ ကိုယ်မသိတာတွေကို ရလိုက်တယ်။ ပြောရရင် ကိုယ့်အတွက် အများကြီး အကျိုးရှိသွားတာပေါ့။ စာဖတ်လိုက်လို့ရတဲ့ အသိအမြင်တွေက အရင်ကထက်စာရင် အသိကြွယ်လာသလို ကြည့်တတ်၊ မြင်တတ်၊ တွေးတတ်တာတွေ ပိုရလာပါတယ်။

**❊ စာပေဖတ်ရတဲ့အရသာဟာ တစိမ့်စိမ့်နဲ့ အရသာရှိပါတယ်။ ဖတ်ရင်းတွေးရင်း ပြန်စဉ်းစားရင်း၊ အတွေးတွေပွားရင်းနဲ့ ရတဲ့ခံစားမှုပါ။ ဒီတော့စာဖတ်ရတဲ့ ရည်ရွယ်ချက်၊ အနှစ်သာရနဲ့ အကျိုးကျေးဇူးတွေကို ပိုသိချင်လာမိပါတယ်။ ကျွန်တော်တို့ ဘာကြောင့် စာဖတ်ဖို့လိုတာလဲလို့ မေးလိုက်ရင် စာဖတ်ရတဲ့ ရည်ရွယ်ချက်၊ အနှစ်သာရ၊ အကျိုးကျေးဇူး၊ ခံစားမှုတွေကို ဆင်ခြင်နိုင်ပါတယ်။ ဆရာကြီးဇေယျက တော့ "ကမ္ဘာ့လူမျိုးတို့၌ ယဉ်ကျေးသည်၊ ရိုင်းစိုင်းသည်ဟူသည်မှာ ပညာဗဟုသုတရှိသည် မရှိသည်ကို လိုက်၍ဖြစ်ခြေသည်။ ပညာဗဟုသုတကို နုတ်ပယ်ထားလိုက်ပါမူ လူယဉ်လူရိုင်းဟူ၍ ကွဲပြားခြားနားခြင်းရှိတော့မည် မဟုတ်ချေ" လို့ စာဖတ်ခြင်းရဲ့သရုပ်ကို ဖော်ပြပါတယ်**

## အလေ့အကျင့်

စာဖတ်တယ်ဆိုတဲ့ အကြောင်းအရာက တကယ်တော့ လူတိုင်းလိုလို မစိမ်းကြပါဘူး။ ကျောင်းနေစဉ်တုန်းကလည်း စာဖတ်ခဲ့ကြတာပဲ မဟုတ်လား။ ကျောင်းတက်တုန်းကတော့ စာကျက်၊ စာဖတ်တယ်ဆိုတာ စာမေးပွဲအောင်ဖို့ အလုပ်တစ်ခုအနေနဲ့ လုပ်ခဲ့ကြတာ၊ ဆရာ ဆရာမနဲ့ မိဘကို ကြောက်လို့လုပ်ရတာတွေလည်း ရှိတာပေါ့။ ကျောင်းတက်တာမဟုတ်ဘဲ မိမိဘာသာ စာပေလေ့လာ လိုက်စားတယ်၊ စာပေမှာ ပျော်မွေ့တယ်ဆိုတဲ့ အလေ့အထဖြစ်ဖို့ဆိုရာမှာ ပထမဦးဆုံးအနေနဲ့ ကိုယ်တိုင်က လေ့လာလိုစိတ်နဲ့ လေ့ကျင့်ယူဖို့ လိုလာပါတယ်။ စာဖတ်တဲ့အလေ့အထဖြစ်ဖို့ တချို့ကတော့ ပင်ကိုဗီဇမှာကိုက စာဖတ်ချင်တဲ့စိတ်ရှိကြပါတယ်။ စာဖတ်ဝါသနာပါတဲ့သူအတွက် စာပေမှာ မွေ့လျော်ဖို့၊ ပြုစုပျိုးထောင်ဖို့ မခက်ခဲလှပါဘူး။

သူတို့အတွက် စာပေဝန်းကျင်ရှိဖို့၊ အားပေးသူရှိဖို့၊ ဝါသနာနဲ့ ကျင်လည်ရာဝန်းကျင် ဆက်စပ်မိဖို့ပဲ လိုအပ်ပါတယ်။

ဆရာကြီးဇေယျရဲ့ "ဇေယျစာတမ်း" စာအုပ်မှာပါတဲ့ စာဖတ်ခြင်းအလေ့ ဆောင်းပါးမှာ စာဖတ်ခြင်းဆိုတာက လေ့ကျင့်ယူရတဲ့ အလေ့အကျင့်တစ်ခုလို့ ဆိုပါတယ်။ ဆိုတော့ စာဖတ်တဲ့ အလေ့အကျင့်ရဖို့ ပြုစုပျိုးထောင်ကြရမှာပါ။ ကိုယ်တိုင်မှာလည်း စာဖတ်ချင်တဲ့စိတ်နဲ့ စာဖတ်ဖို့ ဆုံးဖြတ်ချက်ရှိမယ်ဆိုရင် စာဖတ်တဲ့အလေ့အကျင့်ဟာ ခက်ခဲတဲ့အလေ့အကျင့်လို့ မထင်ပါဘူး။ စပြီးဖတ်ဖြစ်အောင်သာ ဖတ်မယ်ဆိုရင် တဖြည်းဖြည်း အလေ့အကျင့်ရလာပါတယ်။ စာဖတ်တာကြီးကို အလုပ်တစ်ခုအနေနဲ့ အားခဲလုပ်နေတာထက် ကိုယ်ကြိုက်တဲ့မုန့်တစ်ခုကို စားရသလို နှစ်နှစ်ခြိုက်ခြိုက် လုပ်နေဖို့ပါပဲ။ ပျင်းလာရင် စာဖတ်ဆိုတဲ့ တိုက်တွန်းစကားလေးကို သဘောကျသား။ တချို့က စာဖတ်ဖို့ပျင်းနေတဲ့ အချိန်မှာ အဲဒီတိုက်တွန်းစကားက ပျင်းလာရင် စာဖတ်ဆိုတော့ အပျင်းပြေအောင် စာဖတ်ရမယ်လို့ နားလည်မိပါတယ်။

**စာဖတ်တဲ့အလေ့အကျင့်ရဖို့ စာဖတ်နည်းစနစ်တွေ ရှိပါတယ်။ ထိထိရောက်ရောက် စာဖတ်နည်းတွေလည်း ရှိပါတယ်။ သုံးသပ်ဝေဖန်စာဖတ်နည်းတွေလည်း ရှိပါတယ်။ အရင်ကလို ခက်ခက်ခဲခဲ ရှာစရာမလိုတော့ပါဘူး။ ကိုယ်တိုင်က လိုချင်စိတ်နဲ့ စဉ်ဆက်မပြတ် လေ့ကျင့်ယူဖို့သာ အဓိကဖြစ်ပါတယ်။ စာဖတ်တာဟာ ဓားများလို မသုံးဘဲထားရင် တုံးသွားပြီး သုံးနေမှ၊ သွေးနေမှ ထက်နေမှာပါ။ ငယ်စဉ်ကတည်းက ကျောင်းတွေမှာ စာပေတွေကို စဉ်ဆက်မပြတ် လေ့လာလိုစိတ်တွေ၊ စူးစမ်းလေ့လာလိုစိတ်တွေ၊ အတွေးအခေါ်ဆိုင်ရာတွေ၊ အသိတရားဆိုင်ရာတွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးမယ်ဆိုရင်တော့ ပိုလွယ်ကူတာပေါ့။**

## ဝါသနာနဲ့ကိုက်ညီရာ

စာပေတွေမှာ အမျိုးမျိုးရှိတတ်ကြတာမို့ ကိုယ့်ရဲ့ဝါသနာနဲ့ကိုက်ညီတဲ့ စာပေ၊ ကိုယ့်ဘဝအတွက် အကျိုးပြုမယ့်စာပေကို ဦးဆုံးရွေးချယ်ဖတ်မယ်ဆိုရင် ပိုလွယ်ကူပြီး စိတ်ဝင်စားမှုပိုရစေပါတယ်။ ကိုယ်ဝါသနာပါတဲ့ အကြောင်းအရာကို ဖတ်တာဖြစ်လို့ ပိုပြီးစိတ်ဝင်စားလာမယ်၊ စွဲစွဲမြဲမြဲ ဖတ်လာမယ်၊ စဉ်းစားတွေးခေါ်လာမယ်၊ ကိုယ့်အတွက်လည်း အကျိုးပြုလာနိုင်ပါတယ်။ စာဖတ်ခါစမှာ ခက်ခဲလွန်းတဲ့ စာပေတွေ၊ လေးနက်လွန်းတဲ့ စာပေတွေ၊ ကိုယ်နဲ့အလှမ်းဝေးလွန်းတဲ့စာပေတွေကို ဖတ်လိုက်မယ်ဆိုရင် စာကိုကြောက်သွားတာ၊ ပျင်းသွားတာတွေဖြစ်ပြီး လေ့လာလိုစိတ်တွေ လျော့သွားနိုင်ပါတယ်။

စဖတ်ဖတ်ချင်းတော့ အပျော်ဖတ်အနေနဲ့ စာဖတ်တဲ့အလေ့အကျင့်လုပ်ယူပြီး အလေ့အကျင့်ရလာမှ စာပေကို ဝါသနာနဲ့ကိုက်ညီရာ၊ စိတ်ဝင်စားရာ၊ လေးနက်တာတွေကို ဖတ်မယ်ဆိုရင် ပိုပြီးလွယ်ကူနိုင်ပါတယ်။ စာပေဆိုတာကလည်း ဖတ်ရှုလေ့လာတာဝေးနေရင် ပိုပြီးဝေးလာတတ်ပါတယ်။ ဆက်ကာဆက်ကာ ဖတ်နေရင် ပိုဖတ်ချင်လာတယ်။ ဒီတော့ ပိုဖတ်ချင်စိတ်ရှိလာအောင် စာဖတ်တဲ့အလေ့အကျင့်ကို ပြုစုပျိုးထောင်ရတာပါ။ တိုးတက်တဲ့ နိုင်ငံတွေကလူတွေ ဘာကြောင့် စာဖတ်ကြသလဲ၊ စာဖတ်တဲ့အလေ့အကျင့်ကို သူတို့ဘယ်လိုပြုစုပျိုးထောင်ကြသလဲ၊ သူတို့ ဘာကြောင့်တိုးတက်သလဲဆိုတာ အတုယူဖို့လည်း ကောင်းလှပါတယ်။

## အခွင့်အလမ်းများလာ

စာပေဖတ်ရှုလေ့လာဖို့အတွက် ဒီနေ့ခေတ်မှာ အခွင့်အလမ်းကောင်းတွေ ပိုမိုများပြားနေပါပြီ။ စာအုပ်စာပေတွေက လက်တစ်ကမ်းမှာ ရှိနေပါတယ်။ အသုံးချတတ်ရင် ချတတ်သလို ရနေပါတယ်။ အွန်လိုင်းကပဲဖြစ်ဖြစ်၊ ebook တွေပဲဖြစ်ဖြစ်၊ စာအုပ်စာစောင်နဲ့ပဲဖြစ်ဖြစ် နည်းလမ်းမျိုးစုံနဲ့ ဖတ်နိုင်ပါတယ်။ အရင်ကတော့ အခုလို အွန်လိုင်းတွေ၊ ebook တွေ မရှိသေးတော့ စာအုပ်တွေကိုပဲ ရှာဖွေဖတ်ရပါတယ်။ စာအုပ်ကိုလည်း ကိုယ်ပိုင်မဝယ်နိုင်တော့ စာအုပ်အငှားဆိုင်မှာ ငှားဖတ်ရပါတယ်။ ကျောင်းစာကြည့်တိုက်တို့၊ ရပ်ကွက်စာကြည့်တိုက်မှာ ဖတ်ရပါတယ်။ အခုအခါမှာတော့ စာအုပ်စာစောင်တွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ အများအပြားရှိနေပါပြီ။ ကြိုက်တာ ရွေးဖတ်ရုံပါပဲ။ အွန်လိုင်းက ဖတ်မလား။ အချိန်မရွေး နေရာမရွေး ရနိုင်ပါတယ်။ ebook တွေ ဖတ်မလား။ ဖုန်းထဲဖြစ်ဖြစ်၊ တက်ဘလက်မှာဖြစ်ဖြစ်၊ ကွန်ပျူတာမှာဖြစ်ဖြစ် အများကြီးထည့်ထားပြီး တန်းစီဖတ်ပေတော့။

စာအုပ်စာစောင်တွေက ပိုက်ဆံရှိမှ ဝယ်ဖတ်နိုင်တာ၊ ebook တွေက နေရာစုံက ရနိုင်ပါတယ်။ တစ်ခါကူးထားရင် ဖတ်ပါလေ။ ဒီလိုအခွင့်အလမ်းကောင်းတွေကို ကိုယ့်အတွက် တစ်နည်းနည်းနဲ့ အကျိုးရှိအောင် သုံးကြရမှာပါ။

## အဟန့်အတား

အိုင်တီခေတ်ကြီးမှာ စာပေဖတ်ရှုလေ့လာဖို့ အခွင့်အလမ်းတွေများသလို တစ်ဖက်မှာလည်း အဟန့်အတားတွေက တွဲလျက်ပါလာနေတာ တွေ့ရပါတယ်။ ဥပမာ တီဗွီတွေကြည့်ရင်းနဲ့ အချိန်တွေ ဖြုန်းလာကြတယ်၊ ဂိမ်းတွေမှာ အချိန်ကုန်လာတယ်၊ လူမှုကွန်ရက်ပေါ်က သတင်းပေါက်ကွဲမှုတွေမှာ နစ်မြုပ်လာကြတယ်။ အဲဒါတွေနဲ့ နပန်းလုံးရင်း စာပေဖတ်ရှုဖို့၊ လေ့လာလိုက်စားဖို့ သတိမေ့လာတတ်ကြပါတယ်။

တစ်ခါတလေ ပတ်ဝန်းကျင်မှာ မြင်နေရတာတွေကြည့်ပြီး စိတ်မကောင်း ဖြစ်မိတယ်။ ကျောင်းသားလူငယ်လေးတွေ ဖုန်းတွေနဲ့ပဲ တစ်ချိန်လုံး အချိန်ဖြုန်းနေကြတာ။ ရက်တစ်ရက်မှာ ဆိုပါစို့၊ မနက်အိပ်ရာက ၆ နာရီထပြီး ည ၉ နာရီအိပ်တယ်ဆိုဦး၊ အိပ်တဲ့အချိန်ကလွဲလို့ တစ်ရက်လုံးမှာ မအိပ်တဲ့အချိန်က ၁၅ နာရီ၊ အိပ်တဲ့အချိန်က ၉ နာရီ။ ယေဘုယျပြောပါတယ်။ လျှော့လျှော့ပေါ့ပေါ့ မအိပ်တဲ့အချိန် ကို ၁၃ နာရီပဲထား။ အဲဒီ ၁၃ နာရီမှာ နာရီဝက်လောက်ပဲဖြစ်ဖြစ်၊ တစ်နာရီလောက်ပဲ ဖြစ်ဖြစ် စာအုပ်စာပေဖတ်ဖြစ်လား၊ ဖုန်းကိုင်တဲ့ အချိန်ကရော ဘယ်လောက်ရှိသလဲ ဆန်းစစ်ကြည့်မိတယ်။

*စာမျက်နှာ ၂၂ သို့*

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေး စခန်း၌ အကောက်ခွန် ဦးစီးဌာနမှ ဦးဆောင်သော တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၆၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

အလားတူ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားခြင်းမရှိသော Laminated Building Glass မှန်ချပ်ဆိုဒ်စုံ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။







ထို့အတူ ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် ဂွမြို့နယ် ဒေါင့်ချောင်းကျေးရွာအုပ်စုအတွင်း စစ်ဆေးဆောင်ရွက်ခဲ့ရာ တရားမဝင်တောင်သရက်ခွဲသား ၃ ဒသမ ၈၇၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနတို့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (လိုင်စင်မဲ့)ယာဉ်များအား စစ်ကိုင်းမြို့နယ်တွင် Honda CR-V တစ်စီးနှင့် Honda Fit တစ်စီး၊ ကန့်ဘလူမြို့နယ်တွင် AD Van တစ်စီး၊ မုံရွာမြို့နယ်တွင် YAMAHA မော်တော်ဆိုင်ကယ် တစ်စီး၊ လိုင်စင်မဲ့ယာဉ်ပေါင်း လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀)နှင့် မော်လိုက်မြို့နယ်တွင် ကျွန်းသစ် ၅ ဒသမ ၂၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၈၀၀) စုစုပေါင်း (လိုင်စင်မဲ့) ယာဉ် လေးစီးနှင့် ကျွန်းသစ် ၅ ဒသမ ၂၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၄၈၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး (လိုင်စင်မဲ့) ယာဉ်များကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ကျွန်းသစ်များကို သစ်တောဥပဒေအရ လည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅စ်မှု စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၅၈၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၂-၁-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ ၅၄၊ အမှတ် ၄ ၌** ဆင်ခြင်ဉာဏ်မရှိဘဲဆောင်ရွက်သော အမှုကိစ္စများတွင် ဒုက္ခများနှင့် ကြုံရတတ်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ဆင်ခြင်ဉာဏ်" မျက်နှာဖုံးကာတွန်းယဉ်ကျေးမှု အလွှမ်းမိုးဆုံး နိုင်ငံနှစ်နိုင်ငံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့်"ယဉ်ကျေးမှု အလွှမ်းမိုးဆုံး ကမ္ဘာ့နှစ်နိုင်ငံ" သုတဆောင်းပါး၊ ကလေးတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်း ကဏ္ဍ၊ အချင်းချင်း မတွက်ကတ်တော့ဘဲ ခြံတံခါးပိတ်တော့မည်ဆိုသော ဝေဝေနှင့် ဆွေဆွေတို့ ညီအစ်မနှစ်ယောက်အကြောင်း ရေးဖွဲ့ထားသည့် "မတွက်ကတ်တော့ပါ" နှစ်မျက်နှာကာတွန်း၊ မိမိရိုးဂုဏ်ကြောင့် ရရှိသော ဆုကြေးငွေကို လက်ခံလိုက်သော မောင်မောင်အကြောင်း ရေးဖွဲ့ထားသည့် "ရိုးဂုဏ်ဘဝထာဝစဉ်လှ" ဝတ္ထုကဏ္ဍ၊ ဖြတ်ထိုးဉာဏ်ကောင်းသော ဖြိုးရဲအကြောင်း တင်ဆက်ထားသည့် "ဖြိုးရဲ၏ ဖြတ်ထိုးဉာဏ် တစ်မျက်နှာကာတွန်း၊ လောကတွင် မည်သည့်အရာမျှ မမြဲဆိုသည့်အချက်နှင့် အမြဲစိတ်ရှည် တတ်ရမည်ဟူသော ခံယူချက်ကို ထားတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ပညာရှိ ကြက်တူရွေး" ပုံပြင်ကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်း ကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေ ဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် ဇန်နဝါရီ ၂၁**

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ အုပ်စု (ဂ) ပထမနေ့ကို ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် တွေ့ဆုံခဲ့ရာ ငါးဂိုးပြတ် အရေးနိမ့်ခဲ့သည်။ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲဖူးသည့် ဂျပန်အသင်းသည် မြန်မာအသင်းထက် အစစအရာရာ သာလွန်နေသဖြင့် ပွဲချိန်ပြည့် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ သို့သော် မြန်မာအသင်းသည် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရပြီး ဒုတိယပိုင်းတွင် လေးဂိုးပေးခဲ့ရသည်။ ယခုပွဲတွင် မြန်မာဂိုးသမားက သေချာပေါက် အခွင့်အရေးအချို့ကို ကာကွယ်နိုင်ခဲ့သည်။ ဂျပန်အသင်းအတွက် ဂိုးများကို ၂၂ မိနစ်၊ ၄၇ မိနစ်၊ ၅၂မိနစ်၊ မိနစ် ၇၀ နှင့် ၉၀ တို့တွင် သွင်းယူခဲ့သည်။ အိန္ဒိယကလပ်အသင်း၌ ကစားနေသည့် မြန်မာအသင်းမှ အဓိကတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမှာ ကိုဗစ်ကူးစက်ခံထားရသဖြင့် ယခုပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် နန်းဇူးဇူးထက်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ မြတ်နိုးခင် စသည့် လူငယ်ကစားသမားများကို လူစားလဲအသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ဂျပန်အသင်းနှင့် အာရှဖလားပြိုင်ပွဲ နောက်ဆုံး အဆင့်တွင် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် ခုနစ်ဂိုးပြတ်၊ ရှစ်ဂိုးပြတ်တို့ဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇန်နဝါရီ ၂၄ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

*စာမျက်နှာ ၂၀ မှ*

တစ်ရက်တစ်ရက် ဘဝအတွက် တန်ဖိုးရှိတဲ့ အချိန်တွေ လေလွင့်နေတာ တွေ့ရပါလိမ့်မယ်။ လူတစ်ယောက်အတွက် တစ်နေ့တာ အလုပ်လုပ်ချိန်၊ ပျော်ရွှင်ချိန်၊ အနားယူချိန်၊ စားသောက်ချိန်၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအချိန်တွေဆိုတာ လူတိုင်း ရှိကြပါတယ်။ အဲဒီထဲကမှ ပျော်ရွှင်ချိန်၊ အနားယူချိန်၊ ကျန်းမာရေး၊ လူမှုရေးအချိန်တွေ အစား ဖုန်းနဲ့ပဲ နပန်းလုံးနေရုံနဲ့ ဘဝရဲ့ရည်မှန်းချက်တွေ၊ ကိုယ်ရည်ကိုယ်သွေးတွေ၊ လူမှုရေးတွေ ပြည့်စုံသွားနိုင်ပါ့မလား။ တကယ်တော့ ကွန်ပျူတာတွေ၊ ဖုန်းတွေဆိုတာ လူတွေအတွက် အကျိုးရှိဖို့ တီထွင်ဖန်တီးခဲ့ကြတာပါ။ ရည်ရွယ်ချက်ကောင်းသလို အသုံးလည်းဝင်ပါတယ်။ ဒီလောက်အသုံးဝင်တဲ့ ခေတ်မီပစ္စည်းတွေကို ကိုယ့်ဘဝတိုးတက်ရေးအတွက် အသုံးချမလား၊ ကိုယ့်ဘဝကို အကျိုးမဲ့စေမလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။

**ဘဝနေထိုင်နည်းအတွက် အခြေခံလိုအပ်ချက်**

**စာပေဖတ်ရတဲ့ အရသာဟာ တစိမ့်စိမ့်နဲ့ အရသာရှိပါတယ်။ ဖတ်ရင်းတွေးရင်း ပြန်စဉ်းစားရင်း၊ အတွေးတွေပွားရင်းနဲ့ ရတဲ့ခံစားမှုပါ။ ဒီတော့ စာဖတ်ရတဲ့ ရည်ရွယ်ချက်၊ အနှစ်သာရနဲ့ အကျိုးကျေးဇူးတွေကို ပိုသိချင်လာမိပါတယ်။ ကျွန်တော်တို့ ဘာကြောင့် စာဖတ်ဖို့လိုတာလဲလို့ မေးလိုက်ရင် စာဖတ်ရတဲ့ ရည်ရွယ်ချက်၊ အနှစ်သာရ၊ အကျိုးကျေးဇူး၊ ခံစားမှုတွေကို ဆင်ခြင်နိုင်ပါတယ်။ ဆရာကြီးဇေယျကတော့ "ကမ္ဘာ့လူမျိုးတို့၌ ယဉ်ကျေးသည်၊ ရိုင်းစိုင်းသည်ဟူသည်မှာ ပညာဗဟုသုတ ရှိသည် မရှိသည်ကို လိုက်၍ဖြစ်ခြေသည်။ ပညာဗဟုသုတကို နုတ်ပယ်ထားလိုက်ပါမူ လူယဉ် လူရိုင်းဟူ၍ ကွဲပြားခြားနားခြင်း ရှိတော့မည် မဟုတ်ချေ" လို့ စာဖတ်ခြင်းရဲ့သရုပ်ကို ဖော်ပြပါတယ်။**

**စာဖတ်ခြင်းဟာ တစ်နည်းအားဖြင့် ပညာရှာခြင်းပါပဲ။ စာဖတ်လို့ရလာတဲ့ အကျိုးကျေးဇူးတွေက အများကြီးပါ။ ဦးနှောက်အရည်အသွေးပိုင်း၊ အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူ စတဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို တိုးတက်စေပါတယ်။ အရေးကြီးဆုံးကတော့ အမှန်အမှား ပိုင်းခြားသိမြင်နိုင်မှု၊ ဝေဖန်သုံးသပ်နိုင်စွမ်းတွေ တိုးတက်လာခြင်းပါပဲ။ ဒါ့အပြင် စာပေဖတ်ရှုလေ့လာခြင်းဟာ ဦးနှောက်မှာ အမှိုက်စစ်ဆန်ကာ (filter) တပ်ပေးလိုက်တာနဲ့ တူပါတယ်။ မကောင်းတာတွေဖယ်၊ ကောင်းတာတွေကို ယူဖို့ဖြစ်ပါတယ်။ အဲဒီကမှ တစ်ဆင့် အသိအမြင် ဗဟုသုတတွေ စုဆောင်းတာ၊ ခွဲခြား စိတ်ဖြာတာ၊ သုံးသပ်တာ၊ ဆုံးဖြတ်တာတွေကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်တဲ့ စဉ်းစားတွေးတောခြင်းအလုပ်ကို လုပ်ဆောင်နိုင်ပါတယ်။**

**ဒါကြောင့်လည်း စာဖတ်ခြင်းဟာ ကောင်းမွန်တဲ့ ဘဝမှာနေထိုင်ဖို့အတွက် အခြေခံလက်သုံး ကိရိယာတစ်ခုဖြစ်တယ်လို့ အင်္ဂလိပ်လူမျိုး စာရေးဆရာ Joseph Addison က ဆိုခဲ့တာ ဖြစ်ပါလိမ့်မယ်။**

အထူးသဖြင့် ပညာခေတ်ကြီးမှာ ပညာဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာပါပြီ။ အထူးသဖြင့် အများနဲ့ ယှဉ်ကြတဲ့အချိန်မှာ ပညာကပဲ အဆုံးအဖြတ်ပေးသွားမှာ ဖြစ်ပါတယ်။ ပညာရှာဖို့ဆိုရင် ကျောင်းခန်းမတွင်းမှာ ရှာကြသလို ကျောင်းပြင်ပမှာလည်း စဉ်ဆက်မပြတ် ရှာနေကြရမှာပါ။ ကျောင်းပြင်ပ ပညာရှာဖွေခြင်းနည်းလမ်းတွေထဲမှာ စာဖတ်ခြင်းက နည်းလမ်းတစ်ခုပါ။ ဒါကြောင့် စာဖတ်ခြင်းဖြင့် ဘဝအရည်အသွေးတွေမြှင့်တင်ဖို့၊ ကိုယ်ရည်ကိုယ်သွေးတွေမြှင့်တင်ဖို့ အကြံပြုရေးသားလိုက်ရပါတယ်။ ။

ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂၃) မှာ အမှတ်ပေးဇယားအထက်ပိုင်းမှ အသင်းအချင်းချင်းတွေ့ဆုံတဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ မန်ယူက ဝက်စ်ဟမ်း၊ အာဆင်နယ်က ဘန်လေ၊ ချယ်ဆီးက စပါးအသင်းတို့နဲ့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာပါ။

# ပရီမီယာလိဂ်ပွဲစဉ်(၂၃)မှာ ခြေစွမ်းထက်နေတဲ့ စပါးကို ချယ်ဆီး အနိုင်ယူနိုင်မလား. . .



| ပရီမီယာလိဂ်ပွဲစဉ် (၂၃) | |
|---|---|
| ၂၂-၁-၂၀၂၂ | စနေနေ့ |
| အဲဗာတန် - ဗီလာ | ည ၇:၀၀ |
| ဘရန့်ဖို့ဒ် - ဝုဗ် | ည ၉:၃၀ |
| လိဒ်စ် - ကာဆယ် | ည ၉:၃၀ |
| မန်ယူ - ဝက်စ်ဟမ်း | ည ၉:၃၀ |
| ဆောက်သမ်တန်-မန်စီးတီး | နံနက် ၀၀:၀၀ |
| ၂၃-၁-၂၀၂၂ | တနင်္ဂနွေနေ့ |
| အာဆင်နယ် - ဘန်လေ | ည ၈:၃၀ |
| ပဲလေ့စ် - လီဗာပူး | ည ၈:၃၀ |
| လက်စတာ - ဘရိုက်တန် | ည ၈:၃၀ |
| ချယ်ဆီး - စပါး | ည ၁၁:၀၀ |

## ချယ်ဆီး VS စပါး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု စပါး ၀-၁ ချယ်ဆီး**

စပါးအသင်းဟာ ပြီးခဲ့တဲ့ ကာရာဘောင်ဖလားဆီမီးဖိုင်နယ်နှစ်ကျော့စလုံးမှာ ချယ်ဆီးကို ရှုံးနိမ့်ထားသလို ပရီမီယာလိဂ်မှာ တွေ့ဆုံခဲ့တဲ့ ပထမအကျော့ စပါးအိမ်ကွင်းမှာလည်း ချယ်ဆီးကို ဂိုးပြတ်ရှုံးနိမ့်ထားတာ တွေ့ရတယ်။ ဒါကြောင့် စပါးအသင်းအနေနဲ့ ယခုပွဲစဉ်မှာ အဆိုပါရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမှာပါ။ ဒါပေမယ့် ချယ်ဆီးအသင်းမှာ မောင့်၊ ဂျော်ဂျင်ဟို၊ လူကာကူတို့ ခြေစွမ်းပြသထားနိုင်ပြီး သွင်းဂိုးတွေ ရရှိထားတာကြောင့် အနိုင်ရဖို့ စပါးအသင်းအနေနဲ့ အခက်တွေ့နိုင်ပါတယ်။ နှစ်သင်းကြားရမှတ်ကွာဟမှု ရှစ်မှတ်ရှိလင့်ကစား စပါးအသင်းက လက်ကျန်သုံးပွဲကစားဖို့ ရှိနေသေးတာကြောင့် စပါးအသင်းရဲ့ ခြေစွမ်းက ထက်မြက်နေတယ်လို့ ဆိုနိုင်တယ်။ အထူးသဖြင့် စပါးအသင်းဟာ ပြီးခဲ့တဲ့ လက်စတာအသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်ကိုကြည့်ရင် ပွဲချိန်ပြည့်ခါနီးမှာ နှစ်ဂိုးဆက်သွင်းယူထားနိုင်တာကို တွေ့ရတယ်။

**ချယ်ဆီး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ချယ်ဆီး | ၂ - ၀ | စပါး |
| ချယ်ဆီး | ၅ - ၁ | ချက်စတာဖီးလ် |
| စပါး | ၀ - ၁ | ချယ်ဆီး |
| မန်စီးတီး | ၁ - ၀ | ချယ်ဆီး |
| ဘရိုက်တန် | ၁ - ၁ | ချယ်ဆီး |

**စပါး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဝက်ဖို့ဒ် | ၀ - ၁ | စပါး |
| ချယ်ဆီး | ၂ - ၀ | စပါး |
| စပါး | ၃ - ၁ | မော်ကမ်ဘီ |
| စပါး | ၀ - ၁ | ချယ်ဆီး |
| လက်စတာ | ၂ - ၃ | စပါး |

## မန်ယူ VS ဝက်စ်ဟမ်း

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၀-၁ ဝက်စ်ဟမ်း**

မန်ယူအသင်းက ယာယီနည်းပြ ရန်းနစ်ခ်လက်ထက်မှာ ရှုံးပွဲတစ်ပွဲသာ ကြုံတွေ့ထားတယ်ဆိုပေမယ့် ဂိုးသမား ဒီဂီယာသာ လက်စွမ်းပြ မကာကွယ်ထားနိုင်ဘူးဆိုရင် ဒီထက်ရှုံးပွဲကြုံတွေ့မယ့် အနေအထားရှိပါတယ်။ ဒ့ါအပြင် မန်ယူအသင်းဟာ ခံစစ်ပိုင်း တည်ငြိမ်မှုအားနည်းသလို ကွင်းလယ်နဲ့ တိုက်စစ်ကလည်း ထက်မြက်ဖို့ လိုနေသေးတာ တွေ့ရတယ်။ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ လိဒ်စ်ကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အသင်းကစားပုံကောင်းမွန်ခဲ့တာ တွေ့ရတယ်။ နှစ်သင်းကြား ရမှတ်ကွာဟမှုက နှစ်မှတ်သာရှိပြီး မန်ယူရော ဝက်စ်ဟမ်းပါ နိုင်ပွဲရရှိရေး ဦးတည်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲပါ။

## အာဆင်နယ် VS ဘန်လေ

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု ဘန်လေ ၀-၁ အာဆင်နယ်**

ဘန်လေအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံ ရှစ်ပွဲမှာ နိုင်ပွဲ ရရှိထားခြင်းမရှိဘဲ သရေ လေးပွဲနဲ့ ရှုံးပွဲ လေးပွဲကြုံတွေ့ထားပါတယ်။ အာဆင်နယ်အသင်းကလည်း နောက်ဆုံးလေးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားပြီး တစ်ပွဲသရေနဲ့ သုံးပွဲအထိ ရှုံးနိမ့်ထားပါတယ်။ ဒ့ါအပြင် အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ နော်တင်ဟမ်အသင်းကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသလို ကာရာဘောင်ဖလားပြိုင်ပွဲမှာလည်း လီဗာပူးအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာထားရပါတယ်။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်က ရုန်းထွက်ဖို့ ကြိုးစားလာမယ့် ဘန်လေအသင်းကို ပုံမှန်ခြေစွမ်းပျောက်ဆုံးနေတဲ့ အာဆင်နယ်အသင်း ဟန့်တားသွားနိုင်မလား။

# ကာရာဘောင်ဖလားဗိုလ်လုပွဲ လီဗာပူးနှင့် ချယ်ဆီးအသင်း ယှဉ်ပြိုင်ကစားမည်

ကာရာဘောင်ဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှ အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် လီဗာပူးအသင်းသည်နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-ဂိုးမရှိဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံး အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း လီဗာပူးအသင်းက ပိုမိုကောင်းမွန်သည့် ကစားဟန်ကို ပြသနိုင်ခဲ့သည်။ လီဗာပူးအသင်းအတွက် သွင်းဂိုးများကို ဂျိုတာက ပွဲချိန် ၁၉ မိနစ်နှင့် ၇၇ မိနစ်တွင် တစ်ဦးတည်း သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ဗိုလ်လုပွဲစဉ်တွင် စပါးအသင်းကို ဆီမီးဖိုင်နယ်တွင် နှစ်ကျော့စလုံးအနိုင်ယူကာ တက်လှမ်းလာနိုင်ခဲ့သော ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

လီဗာပူးအသင်းနှင့် ချယ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ကာရာဘောင်ဖလား ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝင်ဘလေ အားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

# အိုင်ဗရီကို့စ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှထွက်ခဲ့ရသည့် လက်ရှိချန်ပီယံအယ်လ်ဂျီးရီးယား



အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အိုင်ဗရီကို့စ်အသင်းနှင့် လက်ရှိချန်ပီယံ အယ်လ်ဂျီးရီးယားအသင်းတို့ပွဲစဉ်ကို ကြာသပတေးနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အယ်လ်ဂျီးရီးယားအသင်းက အိုင်ဗရီကို့စ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

မာရက်ဇ်ဦးဆောင်သည့် အယ်လ်ဂျီးရီးယားအသင်းသည် အာဖရိကနိုင်ငံများဖလား အုပ်စု (E) တွင် သုံးပွဲကစားပြီး တစ်ပွဲ သရေ၊ နှစ်ပွဲရှုံး ရမှတ် တစ်မှတ်ဖြင့် အုပ်စုအောက်ဆုံးနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ အယ်လ်ဂျီးရီးယားအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိလျှင် နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက် ရှင်သန်လာဖွယ်ရှိသော်လည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

# အားထားရသည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးကို နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း ရောင်းချဖွယ်ရှိ



ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းမှအားထားရသည့် တိုက်စစ်မှူး လီဝမ်ဒေါစကီးကို သက်တမ်းတိုးစာချုပ်မချုပ်ဆိုပါက နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားဖွယ်ရှိနေသည်။ ဘိုင်ယန်မြူးနစ်အသင်းနှင့် လီဝမ်ဒေါစကီးတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိလုပ်ခလစာအတိုင်း အဆိုပါတိုက်စစ်ကစားသမားကို တစ်နှစ်သက်တမ်းတိုးလိုနေသလို ကစားသမားဘက်မှ လုပ်ခလစာ လျှော့ယူရန် သဘောတူညီမှုရရှိပါက နှစ်နှစ်သက်တမ်းတိုး လိုနေသည်။ ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများသည် အဆိုပါတိုက်စစ်ကစားသမား၏ အနာဂတ်နှင့်ပတ်သက်ပြီး မကြာမီ ဆုံးဖြတ်သွားဖွယ်ရှိနေသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် လီဝမ်ဒေါစကီးအနေဖြင့် နွေရာသီတွင် အသင်းမှ ထွက်ခွာသွားပါက အဆိုပါ တိုက်စစ်ကစားသမား၏ နေရာအား ဒေ့ါမွန်တိုက်စစ်ကစားသမား ဟာလန်းကို အစားထိုးခေါ်ယူရန် ပစ်မှတ်ထားနေသည်။ အသက် ၃၃ နှစ်အရွယ် လီဝမ်ဒေါစကီးသည် မကြာသေးမီက ဖီဖာမှ ပေးအပ်ချီးမြှင့်သည့် ၂၀၂၁ခုနှစ် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးထားသူဖြစ်သည်။

## ဂိုးသမားလောရစ် စပါး၌ သက်တမ်းတိုးစာချုပ် ချုပ်ဆို

စပါးအသင်းခေါင်းဆောင် ဟူဂိုလောရစ်သည် အသင်းနှင့်နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူလိုက်ပြီ ဖြစ်သည့်အတွက် စပါးအသင်းအနေဖြင့် အဆိုပါ ဂိုးသမားကို ၂၀၂၄ ခုနှစ် အထိထိန်းထားနိုင်တော့မည်ဖြစ်သည်။ ၎င်းသည် စပါးအတွက် ပရီမီယာလိဂ် ၃၁၈ ပွဲတွင် ဂိုးမပေးရအောင် ၁၁၂ ပွဲ စွမ်းဆောင်ထားသည်။

## ထရာအိုရေးအတွက် စပါး၏ ကမ်းလှမ်းမှုကို ဝုဗ် ပယ်ချ

ဝုဗ်အသင်းသည် အသင်းမှ တောင်ပံကစားသမား ဖြစ်သူ ထရာအိုရေးအတွက် စပါးအသင်း၏ ပေါင် ၁၅ သန်း ကမ်းလှမ်းမှုကို ပယ်ချလိုက်သည်။ စပါးနည်းပြ ကွန်တီသည် ထရာအိုရေး (၂၅နှစ်) ကို ခေါ်ယူရန် စိတ်အားထက်သန်နေသည်။ ဝုဗ်အသင်းနှင့် ထရာအိုရေးချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၁၈ လ ကျန်ရှိနေသေးသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

